စိတ်ကူးချိုချိုအနုပညာ

mgyoe.com

SAMPLE BOOK

# ရန်ကုန်ရဲ့ မှောင်ရိပ်

ဗန်းမော်တင်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

ထိုခေတ် ထိုအခါ ရန်ကုန်မြို့မှ
ဘဝဆိုးဘဝကြမ်း၊ လူဆိုးလူကြမ်းများနှင့်
အနိမ့်ဆုံးအလွှာမှာ ရှင်သန်နေကြရသူတစ်ချို့အကြောင်း
ဖန်းမော်တင်အောင်၏ ဘဝသရုပ် အရေးအဖွဲ့များ


၁။ ရန်ကုန်၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြား

၂။ နောက်ပိတ်ခွေး

၃။ မိုးလိုက်လို့ရွာ

၄။ ကြပ်ငခွေး

၅။ တုတ်ရှေ့တို့သားအမိနှင့် မြေးအဘိုး

၆။ ဆောင်းတစ်ည

၇။ ကြံတောမြို့စားကြီး

၈။ ဖာသည်မ မိသန်းကြည်


ISBN 97899997137043
BMT42
9 789999 137043
MMK 6,500.00

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# ရန်ကုန်ရဲ့ မှောင်ရိပ်

ဗန်းမော်တင်အောင်

ထိုခေတ် ထိုအခါ ရန်ကုန်မြို့မှ
ဘဝဆိုးဘဝကြမ်း၊ လူဆိုးလူကြမ်းများနှင့်
အနိမ့်ဆုံးအလွှာမှာ ရှင်သန်နေကြရသူတစ်ချို့အကြောင်း
ဗန်းမော်တင်အောင်၏ ဘဝသရုပ် အရေးအဖွဲ့များ

ပထမအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

ရန်ကုန်၏မှောင်ရိပ်၊ ထန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၃၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရန်ကုန်၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြား | ၃ |
| ၂။ | နောက်ပိတ်ခွေး | ၂၅ |
| ၃။ | မိုးလိုက်လို့ရွာ | ၄၁ |
| ၄။ | ကြပ်ငခွေး | ၆၃ |
| ၅။ | တုတ်ရှေ့တို့သားအမိနှင့် မြေးအဘိုး | ၇၅ |
| ၆။ | ဆောင်းတစ်ည | ၈၉ |
| ၇။ | ကြံတောမြို့စားကြီး | ၁၀၃ |
| ၈။ | ဖာသည်မ မိသန်းကြည် | ၁၁၇ |


✦

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ရန်ကုန်၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြား

## (၁)

မီးချောင်းကြီးများဖြင့် ထွန်းညှိ လင်းထိန်နေသော လွတ်လပ်ရေး ကျောက်တိုင်အေား ပတ်ပတ်လည်တစ်ဝိုက်၌ သာယာကြည်နူး၍ ချမ်းမြေ့နေနိုင်ကြသော လူများ၏အကြောင်းနှင့် အမေရိကန်၏ ဂုဏ်ကျေးဇူးတော် မီးချောင်းကြီးများဖြင့် ထွန်းညှိလင်းထိန်နေသော ဆူးလေဘုရားလမ်းတစ်လျှောက်၌ ရစ်ဖြိုးဝအိနေကြသော လူများ၏အကြောင်းကို ချစ်သောစာဖတ်သူအား သူတို့က အမွှမ်းတင် ရေးခြယ်ကာ ဖွဲ့နွဲ့ပြောပြနေကြသလို ကျွန်တော်ကလည်း ရန်ကုန်မြို့၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားထဲများမှ အငြင်းပယ်ခံ အငတ်အပြတ်နှင့် သူခိုး၊ ခါးပိုက်နှိုက်ကလေးများ၏ အကြောင်းကိုတော့ အခန့်သင့်သဖြင့် ဖော်ထုတ်ပြောပြချင်ပေသည်။

တစ်ခုတော့ ရှေးဦးစွာကပင် ကျွန်တော်သည် တောင်းပန်ထားလိုပါ၏။

လွတ်လပ်ရေးကျောက်တိုင်နှင့် အမေရိကန်မီးချောင်းများအောက်မှ သူတို့၏ ဝတ္ထုများကဲ့သို့ ကျွန်တော်၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြား ဝတ္ထုထဲ၌ နိုင်လွန်၊ ဘန်ကောက်၊ နူတ်ခမ်းနီ၊ ပါးနီနှင့် စတူဒီဘေကာတို့ကို စိတ်ကူးယဉ်ယဉ်နှင့် တွေ့ရ၊ ဖတ်ရလိမ့်မည်ဟူ၍တော့ မမျှော်လင့်စေချင်ပါ။ ကိုကာကိုလာနှင့် ချူးရင်းဂန်းတို့ကိုကား လုံးလုံးမမျှော်လင့်ပါနှင့်။ နောက်ဆုံး ခြောတ်တော်၊ မွေတော်နှင့် သုံးလူ့ထွတ်ထားသည်ပင် ကျွန်တော့်ဝတ္ထု၌

mgyoe.com

mgyoe.com SAMPLE BOOK


ပျောက်ကွယ်နေပါလိမ့်မည်။

မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြား၏ ဝတ္ထုတြွ ချစ်ခင်နှစ်လိုဖွယ်ရာများတော့ ရှိပေသည်။ သို့ရာတွင် ထိတ်လန့်ကြောက်မက်ဖွယ်ရာတို့သည် ပိုမိုများပြားလိမ့်မည်ဟု ထင်မိသည်။ ၎င်းအပြင် မကျေနပ် မချမ်းနပ်စရာများနှင့် အလွန်တရာ ရင်နာစရာ၊ ကြေကွဲစရာများလည်း ပါရှိနေပေသေးသည်။ သည်လို ကျွန်တော်က ရိုးသားပွင့်လင်းစွာ ထုတ်ဖော်ဝန်ခံလိုက်မိခြင်းအတွက် မြို့တော်ရန်ကုန်၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားထဲမှ ဝတ္ထုကို ဖတ်ရမှာ စိုးရွံ့ထိတ်လန့်နေမိပါသလား၊ ချစ်သောစာဖတ်သူ စိတ်ပျက်သလိုများကော ဖြစ်နေပါသလား။

လွတ်လပ်ရေးကျောက်တိုင်ကြီးသည် ဗန္ဓုလပန်းခြံထဲမှာ တကယ်ပင် ရှိနေသလို ရန်ကုန်မြို့တော်၌ မှောင်ရိပ်များ ရှိနေခြင်းမှာ အမှန်ဖြစ်ပါသည်။ ထိုနည်းအတိုင်းပင် ဆူးလေဘုရားကြီးတစ်လျှောက်၌ အမေရိကန် မီးချောင်းကြီးများ ထွန်းညှိထားသကဲ့သို့ ရန်ကုန်မြို့လယ် နောက်ဖေးလမ်းကြားများ ရှိနေခြင်းမှာလည်း တကယ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မထိတ်လန့်ပါနှင့်၊ ချစ်သောစာဖတ်သူ စိတ်လည်းမပျက်ပါနှင့်၊ လူအများ မသိရ၊ မကြားရသေးသော အမှန်ကို ချစ်သောစာဖတ်သူသည် ကြားရ၊ သိရခြင်းသာဖြစ်ပါလိမ့်မည်။ ထိုအမှန်ရှိရာ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများထဲသို့ ချစ်သောစာဖတ်သူအား ကျွန်တော်သည် ခေါ်ဆောင်သွားခွင့်ပြုပါ။ ချစ်သောစာဖတ်သူအား ခေါ်ဆောင်သွားပါရစေ။

## (၂)

များမကြာမီက ကျွန်တော်သည် ပုလိပ်ရုံးကြီးသို့ သွားရောက်ရသောကိစ္စတစ်ခုသည် ပေါ်ပေါက်လာခဲ့ပေသည်။ ထိုကိစ္စကို ကျွန်တော်သိ၍ ယူလာသောသူမှာ တောင်ကြီး ဦးထွန်းမြင့်ပင်ဖြစ်ပေသည်။

"ခင်ဗျားတို့ ကျွန်တော်တို့ ရဲဘော်တစ်ယောက်အတွက် တရားရုံးတစ်ခုခုမှာ လက်ထပ်ပေးဖို့ လိုက်ခဲ့စမ်းပါဦးဗျာ..." ဟု တောင်ကြီး ဦးထွန်းမြင့်က ကျွန်တော်၏ အလုပ်စားပွဲ၌ လာရောက်ဆွဲခေါ်နေသဖြင့် လုပ်လက်စအလုပ်များကို သိမ်းဆည်းကာ ထ၍လိုက်လာခဲ့ရသော်လည်း သတို့သား

mgyoe.com

mgyoe.com SAMPLE BOOK


ကိုသာ တွေ့ရ၍ သတို့သမီးကိုကား မတွေ့ရသေးသောကြောင့် "မင်္ဂလာဆောင်တယ်ဆိုတာ သတို့သမီးရှိမှလည်း ဖြစ်နိုင်တာဗျ…" ဟု ကျွန်တော် ရယ်မောရင်း ပြောဆိုလိုက်မိပေသည်။

"ပထမကတော့ အစီအစဉ်လုပ်ထားနှင့်ပြီး အားလုံးပြီးမှပဲ သတို့သမီးကို သတို့သားလောင်းက ကားနဲ့ သွားခေါ်လာပါလိမ့်မယ်" ဟု ဦးထွန်းမြင့်က ပြန်လည်ဖြေကြားလေသည်။

ပုလိပ်ရုံးကြီးသို့ သွားရောက်ကြပြီးနောက် တရားရုံးတစ်ခု၌ တံဆိပ်ခေါင်းများကပ်၊ လုပ်စရာရှိတာများကို လုပ်ကိုင်ပြီးသောအခါ သတို့သားလောင်းသည် သူ၏ချစ်သူ သတို့သမီးလောင်းအား သွားခေါ်ရန် ထွက်သွားသဖြင့် ကျွန်တော်နှင့် ဦးထွန်းမြင့် နှစ်ယောက်သား တရားရုံးခန်း၌ ကျန်ရစ်ခဲ့ကြရပေသည်။ အလွန်တရာလူစည်ကား၍ ငြီးစီစီနိုင်လှခြင်းကို မခံရပ်နိုင်ဖြစ်လာသောအခါ အောက်ထပ်သို့ဆင်း၍ အဖျော်တစ်ခုခုသောက်ရန် ကျွန်တော်က ဦးထွန်းမြင့်ကို အကြံပေးလေသည်။

"ခင်ဗျား ငြီးစီစီဖြစ်လာရင်လည်း အောက်ခဏဆင်းချင်ဆင်းပေါ့။ ကျွန်တော် ဒီကပဲ စောင့်နေပေါ့မယ်" ဟု ဦးထွန်းမြင့်က ပြန်ပြောသောကြောင့် ကျွန်တော်သည် လူရှုပ်လှသော ရှေ့ပေါက်အား ရှောင်ကွင်းကာ နောက်ပေါက်မှ လူရှင်းရှင်း ဆင်းလာခဲ့ပေသည်။ ထိုသို့ အောက်ထပ်သို့ ဆင်းလာခဲ့ပြီးသည့်နောက် အချုပ်ခန်းနားဘက်မှ ကျွန်တော်သည် အေဂျီရုံးကြီးဘက်သို့ ထွက်၍အလာတွင် "ဗျို့… အစ်ကိုကြီး" ဟူသော တစ်ကြိမ်တစ်ခါက ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည့် အသံကို ကြားလိုက်ရသောကြောင့် ကျွန်တော်သည် အသံလာရာသို့ လှမ်း၍ ကြည့်လိုက်မိသည်။

'ဆိုးပေ' ကျွန်တော်သည် ရှပ်နက်တပ်သားကြီးနှစ်ယောက်အကြားဝယ် လက်ထိတ်ခတ်လျက် အချုပ်ခန်းတံခါးဝဝယ် ရပ်နေသော ဧရာမ တရားခံကြီး ဆိုးပေကို ထိတ်လန့်ချောက်ချားစွာ ပြန်လည်ခေါ်ဝေါ်လိုက်မိသည်။

"အစ်ကိုကြီးနဲ့ မတွေ့ရတာ ကြာပြီ၊ နေထိုင်လို့တော့ ကောင်းရဲ့မဟုတ်လား။ အလုပ်အကိုင်ကကော ဘယ်လိုများနေသေးလဲ"

ရှပ်နက်သားများအကြားမှ တရားခံကြီး ဆိုးပေသည် ကျွန်တော့်အား လူကြီးတစ်ယောက်ကဲ့သို့ ရင်းရင်းနှီးနှီးနှင့် ဣန္ဒြေရရ နှုတ်ဆက် မေးမြန်း

mgyoe.com

mgyoe.com

SAMPLE BOOK


လျက်ရှိပေသည်။

ကျွန်တော်သည် ဆိုးပေကို မြင်ရချက်၌ မသက်သာလှ၍သာ ဘာမျှ အဖြေပြန်မပေးနိုင်ဘဲ အငေးသား ကြောင်လျက်ကြည့်နေမိသည်။ သူသည် ၁၃ နှစ်သားခန့်မျှသာ ရှိလိမ့်ဦးမည်ဖြစ်သော ကလေးသူငယ်တစ်ယောက် ဖြစ်သည်။ စာသင်ကျောင်း၌ စာသင်နေရမည့် ကျောင်းသားအရွယ်ဖြစ်သည်။ သို့ရာတွင် ယခုအခါ၌ သူသည် မျက်မှောက် လူနေမှုစနစ်ကြီး၏ ဖမ်းဆီး ခြင်းခံနေရပြီဖြစ်သော တရားခံလူဆိုးကြီးတစ်ယောက် ဖြစ်နေရပါပြီကော။ ထို့အပြင် ထိုကရုဏာဖြင့် ကျွန်တော်သည် ရင်ထဲမှ စကားကို အန်ထုတ်၍ မရနိုင်လောက်အောင် ဖြစ်နေရသည်။

"အစ်ကိုကြီး ဘာကိစ္စနဲ့ ဒီနေရာကို လာရတာလဲဟင်။ ကျွန်တော်က တော့ ဖောက်ထွင်းမှုပဲ။ အခု ကျွန်တော့်ကို တရားသူကြီးဆိုတဲ့လူက ထောင် နှစ်နှစ်ချလိုက်တယ်"

ဆိုးပေက သူသည် ရာဇဝတ်ကောင်ကြီးအဖြစ်နှင့် ထောင်ကျနေရပြီဖြစ် သော သူ့ဘဝအတွက် စိုးရွံ့ပူပန်ခြင်း ကင်းမဲ့စွာပင် ရယ်ကာမောကာပြောရင်း သူ့အား လက်ထိတ်ခတ် ဖမ်းဆီးထားသော ရှပ်နက်တပ်သားများအား များစွာ အရေးမစိုက်၊ ဂရုမထားသကဲ့သို့ ကျွန်တော့်ထံ ဇွတ်အတင်းတိုးဝှေ့၍ လာ ပေသည်။ အသက်အရွယ် အတော်အိုမင်းပုံရသော ရှပ်နက်တပ်သားကြီး နှစ်ယောက်သည် ဆိုးပေနောက်မှ တရွတ်တရွတ်နှင့် လိုက်ပါကြသည်ကို လည်း သတိပြု ကြည့်ရှုလိုက်ရသည်။

"မင်းကို ထောင်နှစ်နှစ် ချလိုက်သတဲ့လားဟင်၊ တရားသူကြီးဆိုတဲ့ လူက"

ကျွန်တော်သည် ရက်စက်ကြမ်းကြုတ်လှသော လူနေမှုစနစ်ကြီး၏ သားကောင်ကလေးအဖြစ်သို့ ကျရောက်နေရသော ဆိုးပေအား ယူကျုံးမရ မေးလိုက်မိပေသည်။

"အပြင်မှာ အိပ်စရာ၊ နေစရာမရှိလို့ ခိုးစား ဝှက်စားလုပ်နေရတာထက်စာ ရင် ထောင်ထဲကပဲ ပိုမကောင်းဘူးလားဗျ... အစ်ကိုကြီး"

ဆိုးပေသည် ရယ်ကာမောကာ ပေါ့ပေါ့ဆဆပင် သူ၏ လူ့လောက အမြင်အား ပြောဆိုလျက် ရှိပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်သည် အံကိုကြိတ်၍ နားထောင်နေလိုက်ရသည်၊ ရင်ထဲ၌ကား လှုပ်ရှားလျက်ရှိပါ၏။

"ခုနေအခါမှာလည်း ခိုးရ၊ ဝှက်ရတဲ့ အလုပ်တောင်မှ တယ်ဟန်မကျဘူးဗျ အစ်ကိုကြီး။ လူတွေမှာလည်း တစ်နေ့တခြား အလုပ်အကိုင်က ကျပ်တည်း၊ အရောင်းအဝယ်ကလည်း မကောင်းဖြစ်နေကြတော့ ခိုးရ၊ ဝှက်ရတဲ့ ကျွန်တော်တို့မှာလည်း ဘာမှ စားလောက် သောက်လောက်အောင် မရပါဘူးဗျာ...၊ အဲသည်တော့ ထောင်ထဲမှာပဲ အေးအေးနေရတာက ဖိမ်ရှိသေးတယ်"

ဆိုးပေသည် နုနယ်ငယ်ရွယ်လှသေးသော ကလေးသူငယ်တစ်ယောက်ပီပီ သူ၏ လူ့လောကအမြင်အား သူ့စိတ်ထဲတွင် ခံစားဖြစ်ရှိနေသည့်အတိုင်း ပေါ့ပေါ့ဆဆပင် ပြောချနေလေဟန်ရှိသည်။ တကယ်သာ ဆိုသောအခါ ဆိုးပေသည် တရားမျှတခြင်း ကင်းမဲ့၍ ရက်စက်ကြမ်းကြုတ်လှသော လက်ရှိ လူနေမှုစနစ်ကြီးအား မခိုးမခန့် ပြန်လှန်လှောင်ပြောင်နေသော သူ့စကားများ၏ နက်ရှိုင်းလှသည့် အနက်အဓိပ္ပာယ်ကို သိချင်မှပင် သိရှာပေမည်။

"အစ်ကိုကြီးမှာ ဆေးပေါ့လိပ်များ ပါသေးသလား၊ ကျွန်တော့်ကို တစ်လိပ်လောက်တော့ တည်ခဲ့ပါလား"

ဆိုးပေ ကျွန်တော့်အား ဆေးပေါ့လိပ်တစ်လိပ်ကိုပင် အေးအေးလူလူ တည်ရန် ပြောပြနေရှာပေသည်။ ကျွန်တော်သည် အပေါ်အင်္ကျီ ဘေးအိတ်ကပ်၌ အခန့်သင့် ပါလာသေးသော ဆေးပေါ့လိပ်နှစ်လိပ်ကို ဆိုးပေအား မီးခြစ်နှင့်အတူ လှမ်း၍ပေးရင်း သူ့အား ဘာမျှမပြောနိုင်၊ မဆိုနိုင်ဘဲ အငေးသား ကြောင်လျက်သား ကြည့်နေမိသည်။

အသက်အရွယ်အားဖြင့် ၁၃ နှစ်သားခန့်မျှသာလျှင် ရှိလိမ့်ဦးမည်ဖြစ်သော်လည်း အာဟာရနှင့် ကျန်းမာရေး ချို့တဲ့လှလွန်း၍ သေးလှီချည့်နဲ့လှသော ဆိုးပေကို ကြည့်ရ၊ မြင်ရသည်မှာ မသက်သာလှပါတကား။ နောက်သားစဉ်တစ်ဆက်၏ ဖခင်ဖြစ်သော ဆိုးပေသည် ထောင်ကျရခြင်းအတွက် သူ့ဘဝ၏ လုံခြုံမှုဟု နားလည်သိမှတ်နေပေသည်။ မျှော်လင့်နေရှာသည်။ အဘယ်မျှ အသည်းနာဖွယ် ကောင်းလေစွနည်း။ ရင်နာဖွယ် ကောင်းလေစွ

mgyoe.com

mgyoe.com
SAMPLE BOOK


နည်း။ သည်လို ဖခင်လောင်းကလေးများမှ မွေးဖွားလာရမည့် သားစဉ်တစ်ဆက်လည်း အဘယ်ကဲ့သို့သော သားစဉ်မြေးဆက်မျိုး ဖြစ်နိုင်ပါဦးမည်နည်း။ ကြီးလေးလှသော ပြဿနာကြီး ဖြစ်ပေသည်တကား။ ကြောက်မက်ဖွယ်ရာလည်း ကောင်းလေစွတကား။

"လင်းယုန်သတင်းစာ ဘယ်တော့လောက်များ ပြန်ထွက်နိုင်ပါဦးမလဲဗျ။ အစ်ကိုကြီး ကျွန်တော်တို့ကတော့ ဗိုလ်လင်းယုန်ကြီးကို တကယ်ပဲ လွမ်းသဗျ၊ ဗိုလ်လင်းယုန်ကြီး နေ့စဉ် မပျံနိုင်တာ ကျွန်တော်တို့အတွက် သိပ်နစ်နာတာပဲ။ မဟုတ်ရင် ကျွန်တော်လည်း ခုလို ဂါတ်တို့၊ ထောင်တို့ ရောက်ချင်မှ ရောက်မယ်"

တစ်ကြိမ်သောအခါကာလက ဆင်းရဲသား အလုပ်သမားများ နေထိုင်ကြသော ရပ်ကွက်လမ်းကြားများ၌ သူတို့ လိုက်လံ ဟစ်အော်ရောင်းချခဲ့ကြသော သူတို့၏ ချစ်စွာသော ငှက်ကြီးကို ဆိုးပေသည် ကြေကွဲလွမ်းဆွတ်စွာ တမ်းတပြောဆိုနေရှာပေသည်။ သူ၏ဆေးလိပ်ကို အားရပါးရ ရှိုက်၍ဖွာရင်း မီးခိုးများအကြားမှ လင်းယုန်ကြီးကို စိတ်ကူးကြည့်နေပုံရပေသည်။

ကျွန်တော်သည် ထိုင်းမှိုင်းစွာသာ ရပ်မြဲ ရပ်နေရပေသည်။ ဘာမျှလည်း မပြောချင်တော့။

"လင်းယုန်ကြီးကို နေ့စဉ်ပြန်ထုတ်ပါဦးဗျ အစ်ကိုကြီး။ ကျွန်တော် ထောင်ကလွတ်လာရင် သာဒွန်းအောင်တို့၊ ငတေတို့နဲ့ လိုက်ရောင်းချင်လို့ပါ။ ဒီတော့ အစ်ကိုကြီး သတင်းစာလည်း လူတွေဖတ်ရမယ်၊ ကျွန်တော်တို့ အဖွဲ့သားတွေလည်း ကောင်းကောင်းမွန်မွန် နေရရောမဟုတ်လား"

ဆိုးပေက သူ့၌ရှိသော အသိကလေးများဖြင့် သူဖြစ်ချင်ရာကိုသာလျှင် သူ့စိတ်ထဲ၌ရှိသည့်အတိုင်း ရိုးသားထက်သန်စွာ ပြောဆို တိုက်တွန်းလျက်ရှိပေသည်။

ကျွန်တော်သည် စိတ်ရှည်လက်ရှည်နှင့် သည်းခံ၍ စောင့်နေရှာသော ရပ်နက်တပ်သားကြီး နှစ်ယောက်ကို မချိမဆံ့ ပြုံးပြလိုက်မိပေသည်။ ထိုကြေးစားရပ်နက် တပ်သားကြီးနှစ်ယောက်သည်လည်း သမုဒ္ဒရာဝမ်းတစ်ထွာအတွက် သူတို့ ဝတ်ဆင်ထားရသော ရပ်နက်ကြီးများကိုကားလိုက်လိုက်နှစ်မြို့ဟန်တော့မရှိကြ။ သူတို့သည် ၁၃ နှစ်သား ဇရာမ တရားခံ

mgyoe.com

mgyoe.com SAMPLE BOOK

ကြီး ဆိုးပေအား သားချင်း၊ သမီးချင်း စာနာစွာ လိုက်လျောစောင့်ဆိုင်းနေပုံ ရကြပေသည်။

သည်အခိုက်မှာပင် ငှက်ဆိုးက စူးစူးဝါးဝါး ထိုးလိုက်ပါတော့သည်။

"ဟော့၊ တရားခံကို ဘာလို့ ခုထက်ထိ အချုပ်ခန်းထဲ မသွင်းသေးတာလဲ။ ဟိုမှာ မင်းတို့ဘိုးအေ လာလို့ မြင်သွားရင် ငါပါ ချောက်ကျအောင် လုပ်နေတာလား"

ရုပ်နက်ဗိုလ်ကြီး၏ ဟိန်းဟောက်သံ သာလျှင် ဖြစ်ပေသည်။

"လင်းယုန်နီကြီးကို နေ့စဉ် ပြန်ထုတ်နိုင်အောင် ကြိုးစားပါနော်၊ အစ်ကိုကြီး။ ကျွန်တော် ထောင်ကလွတ်လာတဲ့နေ့ ဆက်ဆက်ပြန်လာခဲ့ပါမယ်"

ဆိုးပေသည် ရုပ်နက်တပ်သားကြီးနှစ်ယောက်၏အကြားတွင် တရွတ်တရွတ်နှင့် လိုက်ပါသွားရစဉ်ကာလမှာပင် ကျွန်တော့်အား လှည့်ကြည့်လှည့်ကြည့်နှင့် လင်းယုန်နီကို နေ့စဉ်ပြန်ထုတ်ဖြစ်အောင် ထုတ်ဖို့ တိုက်တွန်း ပြောဆိုသွားခဲ့ရှာသေးတော့သည်။

## (၃)

ထိုနေ့တစ်နေ့လုံး ကျွန်တော်သည် လုပ်စရာရှိသော အလုပ်များကိုပင် စိတ်မဝင်စားနိုင်လောက်အောင် ထိုင်းမှိုင်းလေးကန်လျက် ဖြစ်နေရပေသည်။ အလုပ်တိုက်သို့ ပြန်ရောက်လာပြီးသည့်နောက် အလုပ်စားပွဲတွင် ထိုင်ရင်း ဆိုးပေကိုသာ မြင်ယောင်နေသည်။ ဆိုးပေအတွက် ကျွန်တော်တို့ ယူကျုံးမရ ဖြစ်နေသလောက်၊ နောက်လာမည့် သားစဉ်မြေးတစ်ဆက်အတွက် ထိတ်လန့်ပူပန်နေမိပေသည်။ လက်ရှိ အကျဉ်းသားကြီး ဆိုးပေဘဝနှင့် နောက်လာမည့် သားစဉ်မြေးတစ်ဆက်အတွက် ကျွန်တော် များစွာစိတ်မကောင်းဖြစ်နေရစဉ် ဆိုးပေတစ်ယောက်မှာမူ ကလေးထောင်ထဲ၌ စားလား၊ သောက်လားနှင့် ရယ်မောကာ ပျော်ရွှင်နေပေတော့မည်။ သူသည် ကလေးသူငယ်မျှသာလျှင်ဖြစ်၍ ကလေးသူငယ်တစ်ယောက်၏ အကြည့်အမြင်နှင့် သဘောထားများ၊ နားလည်မှုများသာ ရှိပေလိမ့်မည်။ တကယ်သာဆိုလျှင် ရန်ကုန်မြို့၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများထဲ၌ ပြေးလွှားပုန်းအောင်း ကျက်စားကာ အထိတ်ထိတ် အလန့်လန့် အသက်ရှင်နေခဲ့ရ
mgyoe.com

mgyoe.com
SAMPLE BOOK


သော နေ့ရက်၊ နာရီများနဲ့ စာလျှင်တော့ ထောင်သည် သူ့အတွက် သက်သာ၊ ခံသာသလို ရှိနေလိမ့်မည်ထင်သည်။

ထိုညက ကျွန်တော်သည် အလုပ်များ ပိနေသဖြင့် ညတစ်ချက်တီးခန့် အထိ အလုပ်လုပ်ရပေသည်။ ည၌ကလည်း နက်လှသည်ဖြစ်၍ အိမ်သို့ မပြန်တော့ဘဲ အလုပ်တိုက်တွင် ဖြစ်သလို စာအုပ်များကို ခေါင်းအုံး၍ အိပ်ရပေသည်။ သို့ရာတွင် ကျွန်တော်သည် အိပ်၍တော့ မရပါ။ ခါတိုင်း အလုပ်ပင်ပန်း၍ ဘယ်လိုပင် အိပ်ရ အိပ်ရ တစ်ခါတည်း နှစ်နှစ်ခြိုက်ခြိုက်ကြီး ပျော်သွားသည်သာ ဖြစ်ပေသည်။

"အပြင်မှာ အိပ်စရာ၊ နေစရာမရှိလို့ ခိုးစား၊ ဝှက်စားနေရတာနဲ့စာရင် ထောင်ထဲမှာ နေရတာ ပိုမကောင်းဘူးလားဗျ။ အစ်ကိုကြီးတဲ့..." ကျွန်တော်၏ နားထဲ၌ သည်စကားလုံးကလေးများသည် ပဲ့တင်ပြန်၍ ထပ်လာသည်။ ဆိုးပေသည် ဘယ်လောက်များ ပမာမခန့်သော စကားများကို ပြောဆိုသွားလိုက်ပါသနည်း။ လွတ်လပ်ရေးကျောက်တိုင်ဆေားမှ လူများနှင့် အမေရိကန် မီးချောင်းကြီးများအောက်၌ ရယ်မောနေကြသူများအား ဆိုးပေသည် ခြေနှင့်နင်း၍ ရှုတ်ချလိုက်ခြင်း ဖြစ်ပေသည်။ သို့ရာတွင် သူ၏ အကျဉ်းအကျပ်မှ လွတ်မြောက်ရေးသည် ထောင်၌သာလျှင် မျက်စိက ဆုံးနေရှာသည်။ သူ၏ဘဝလုံခြုံမှုနှင့် ငြိမ်းချမ်းရေးအတွက် သစ္စာတရားကိုမူ သူသည် မမြင်နိုင်ရှာသေး။ ငယ်ကောင်း ငယ်သေးသည်။ သို့ရာတွင် တစ်နေ့ တစ်ရက်၌ သူသည် မြင်လာလိမ့်မည်ကား အမှန်ပင်ဖြစ်ပေသည်။ ထိုသို့ မြင်လာသော နေ့ရက်၌ သူသည် လူကြီးတစ်ယောက် ဖြစ်လာပေလိမ့်မည်။

"ခုနေခါမှာလည်း ခိုးရဝှက်ရတဲ့အလုပ်တောင်မှ တယ်ဟန်မကျတော့ဘူးဗျ အစ်ကိုကြီး...။ လူတွေမှာလည်း တစ်နေ့တခြား အလုပ်အကိုင်က ကျပ်တည်း၊ အရောင်းအဝယ်ကလည်း မကောင်းဖြစ်နေကြတော့ ခိုးရဝှက်ရတဲ့ ကျွန်တော်တို့မှာလည်း ဘာမှစားလောက်အောင်၊ သောက်လောက်အောင် မရဘူးဗျာ။ အဲဒီတော့ ထောင်ထဲမှာပဲ အေးအေးနေရတာက ဖိမ်ရှိသေးတယ်"

ဆိုးပေသည် လက်ရှိ လူ့ဘောင်၏ ဆုတ်ယုတ်လျက် ချာတူးလန်နေရပုံကို သူ့ဘဝ၏ အတွေ့အကြုံမှ ရရှိသော အသိအမြင်ဖြင့် ပြောဆိုသွား

mgyoe.com

mgyoe.com SAMPLE BOOK


ခဲ့သည်။ တကယ်ဆိုသောအခါ၌ သူသည် လွတ်လပ်ရေးကျောက်တိုင်အေားမှ လူများကဲ့သို့ ပညာမသင်ခဲ့ရ။ အမေရိကန် မီးချောင်းကြီးများအောက်ဝယ် အားအားရှိတိုင်း ကာမ လှုံ့ဆော်ရေးကို အားပေးအားမြှောက် ဂုဏ်ပြုသူများကဲ့သို့ နိုင်ငံခြားသို့လည်း ပညာတော်သင် မသွားဖူးရှာ။ သို့ရာတွင် သူသည် ဘဝမှ ရရှိသော အတွေ့အကြုံကို ပြောပြခြင်းသာ ဖြစ်ပါသည်။

ည နာရီနှစ်ချက်ထိုးပင် တီးသွားခဲ့ပြီးဖြစ်သော်လည်း ကျွန်တော်သည် အိပ်မနေနိုင်အားပါ။ ထိုအချိန်၌ ဆိုးပေသည် အုတ်နံ့ရံလေးဖက်၌ ချထားသော သားသတ်ရုံတွင်းဝယ် ပူပန်ခြင်းကင်းမဲ့စွာ အိပ်မောကျခြင်းမက ကျနေလောက်ပေပြီ။

"လင်းယုန်ကြီး မပျံနိုင်တာ ကျွန်တော်တို့အတွက် သိပ်နစ်နာတာပဲ။ မဟုတ်ရင် ကျွန်တော်လည်း ခုလို ဂါတ်တို့၊ ထောင်တို့ ရောက်ချင်မှ ရောက်မယ်"

ဆိုးပေ၏ လွမ်းဆွတ်ဖွယ်ရာ ပြောစကားကလေးများကို ပြန်လည်သတိရရင်း ကျွန်တော်သည် ကြက်သီးမွေးညင်းကလေးများပင် ထလာမိသည်။ ရုပ်နက်တပ်သားကြီးနှစ်ယောက်က သူ့အား ဇွတ်တရွတ် ဆွဲခေါ်သွားနေစဉ် ကာလ၌ပင် 'လင်းယုန်ကြီးကို နေ့စဉ်ပြန်ထုတ်နိုင်အောင် ကြိုးစားပါနော်... အစ်ကိုကြီး... ကျွန်တော်ထောင်က လွတ်လာတဲ့နေ့ ဆက်ဆက်ပြန်လာခဲ့ပါမယ်' ဟု လှည့်ကြည့်လှည့်ကြည့် တိုက်တွန်းပြောဆိုသွားခဲ့ပုံကလေးကို မြင်ယောင်လာကာ ကျွန်တော်သည် ရင်နာမိပါ၏။ ၁၃ နှစ်သားတရားခံကြီး ဆိုးပေအတွက် ကျွန်တော်သည် အသည်းနာမိသည်။ သည်အမွေမဲ့သား ဆိုးပေနှင့် တွေ့လာ၊ သိလာပုံများကိုလည်း တစ်ခုပြီးတစ်ခု ပြန်လည်စဉ်းစားမိပေသည်။

သည်အမွေမဲ့သားငယ်၏ ဝတ္ထုသည် တစ်ကွက်ပြီး နောက်တစ်ကွက်ပေါ်လာသည်။ လွတ်လပ်ရေးကျောက်တိုင်အေားမှာ သူ့ဝတ္ထုသည် မစခဲ့ရ။ အမေရိကန် မီးချောင်းကြီးများနှင့် သူ့ဝတ္ထု၏အစသည် ဝေးလှ သီလှသည်။ အမွေမဲ့သားငယ်၏ဝတ္ထုသည် ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားများနှင့် မှောင်ရိပ်များထဲ၌သာ နာကျင်ဝိုယိုခြင်းများဖြင့် စတင်ခဲ့ရရှာသည်။

ဆိုးပေသည် ရန်ကုန်မြို့၏ ထိတ်လန့်ဖွယ်ရာ မှောင်ရိပ်နှင့် ညစ်ပတ်

mgyoe.com

mgyoe.com
SAMPLE BOOK


ပေရေလှသော နောက်ဖေးလမ်းကြားတို့၏ ရလဒ်မျှသာဖြစ်၏။ သို့ရာတွင် အမြှောက်နှင့် အပေါင်းတို့၏ ရလဒ်တော့ကား မဟုတ်ပါ။ အနုတ်နှင့် အစားတို့၏ ရလဒ်မျှသာဖြစ်ပေသည်။

သူသည် ဖာသည်မ၏သား ဖြစ်ချင်ဖြစ်နိုင်ပါ၏။ သို့ရာတွင် သူ့အမေသည် ဘယ်သူဘယ်ဝါမှန်းပင် သူမသိ။ သူသည် ထို့ကြောင့် အမေမရှိသော သားငယ်တစ်ယောက်ဖြစ်ပုံရသည်။ လူပျို၏သားဖြစ်ရသည့်အတွက် ဆိုးပေတစ်ယောက်သည် များစွာဝမ်းနည်းလှပုံမရ။ ကာလသားရောဂါ စွဲကပ်နေသော လက်ရှိလူနေမှုစနစ်ကြီးက ဆိုးပေတစ်ယောက်အား ဖာသည်မသားဟု ကိုယ့်လိပ်ပြာ ကိုယ်ကမှ မရှက်လို့ ခေါ်ရဲက ခေါ်လိုက်စမ်းပါစေ။ သူ့အဖေ၏ လည်ပင်းမှာ ကျပ်အထပ်ထပ် ခွဲထားရသော ကျပ်နာများကို ဆိုးပေက ကြည့်နေရှာလိမ့်မည်သာဖြစ်ပေသည်။

လင်းယုန်နီ နေ့စဉ်သတင်းစာအား အခက်အခဲအမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုး၏ကြားမှပင် ထုတ်ဝေခဲ့ရသည့် ကာလအတွင်းက ကျွန်တော်သည် အသိမိတ်ဆွေတစ်ယောက်ယောက်ကို တွေ့တိုင်း ပိုက်ဆံချေးတတ်သော အကျင့်ရှိခဲ့ရပေသည်။ ထိုသို့ လူတွေ့တိုင်း ပိုက်ဆံချေးရသော အကြောင်းမှာ စက္ကူထုပ်များအား အစိုးရဝေငှရေး အဖွဲ့က လုံလောက်စွာ မပေးသဖြင့် မှောင်ခိုဈေးမှ ခဲခဲယဉ်းယဉ်းနှင့် ဈေးကြီးပေးဝယ်နေရသော ကြောင့်ဖြစ်သည်။ ပိုက်ဆံသည် ဘယ်သောအခါကမျှ လုံလောက်သည်မရှိ။ တစ်ရက်စာအတွက် အလူးအလဲ ပြေးလွှားရှာဖွေရင်း ထုတ်ခဲ့ရသည်သာ ဖြစ်သည်။

တစ်နေ့ တစ်နေ့လျှင် သတင်းစာ၏ စရိတ်မှာ ၃၀၀ ကျော်ခန့်ရှိသဖြင့် ကြော်ငြာဝင်ငွေမှာ လုံးဝမရှိသလောက် ဖြစ်သည့်အတွက် သတင်းစာမှာ စောင်ရေ ၃၅၀၀ နီးပါးခန့် ထွက်နေသည့်တိုင်အောင် ငွေက မလည်နိုင်ပေ။ သည်လို အခက်အခဲများကြားထဲမှ နယ်မှ ကိုယ်စားလှယ်များကို ဖမ်းသဖြင့် ငွေမှန်မှန် ပြန်မလာခြင်း။ သတင်းထောက်များကို ဖမ်းသည့်အတွက် အခက်အခဲတွေ့ရခြင်းများ ရှိပေသေးသည်။ ထို့ကြောင့် တစ်နေ့လျှင် ဘယ်လိုနည်းနှင့်ဖြစ်စေ၊ ငွေ ၃၀၀ ကို ကျွန်တော်သည် ရသည့်နည်းနှင့် ရှာဖွေတတ်ရပေသည်။ ထို့ကြောင့်လည်း အသိမိတ်ဆွေများအား တွေ့တိုင်း ပိုက်ဆံချေး

mgyoe.com

mgyoe.com SAMPLE BOOK

တတ်သော ရုပ်ပျက်လှသည့် အကျင့်တစ်ခုကို ကျွန်တော်သည် နေ့စဉ် ထုတ်ဝေနေရသည့် ကာလက ရရှိလာခဲ့ပေသည်။

၁၉၅၁ ခုနှစ် ဖွန်လလယ် မိုးတစိမ့်စိမ့် ရွာနေသော တစ်ညဦးမှ ကျွန်တော် သည် ငွေအစိတ်ခန့် လိုနေသဖြင့် ခေါင်မလုံသော ထီးတစ်လက်ကိုဆွဲကာ အလုပ်တိုက်မှထွက်၍ ဖရေဇာလမ်းအတိုင်း ဆူးလေဘုရားလမ်းဘက်ဆီသို့ ဘယ်သူ့ဘယ်ဝါအား ဘယ်အရပ်မှာ လိုက်ရှာ၍ ပိုက်ဆံချေးရပါမည်လဲဟူ သော အတွေးဖြင့် ထွက်လာခဲ့ရပေသည်။ တကယ်ဆိုသောအခါ ပိုက်ဆံ ချေးရသောအလုပ်မှာ ကောင်းသောအလုပ်တော့မဟုတ်ပေ။ ပညာတတ် တစ်ယောက်၏ အတွေးနှင့် တွေးရလျှင် အလွန်တရာမှ မျက်နှာပူစရာ ကောင်းသော အလုပ်တစ်ခုဖြစ်လေသည်။ သို့ရာတွင် ကျွန်တော်သည် ပညာတတ်ဘဝကို စွန့်လွှတ်ခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီးဖြစ်၍ မျက်နှာ ပူခြင်းကား မရှိလှတော့။ ကျွန်တော်သည် ယုံကြည်ချက်၏ သားငယ် တစ်ယောက်ဖြစ်လာခဲ့ပြီးဖြစ်၍ ကျွန်တော်ဖခင်ဖြစ်သော ယုံကြည်ချက်ဝယ် ဘယ်သူ့ကိုမှ မျက်နှာမပူနိုင်တော့ပေ။

မိုးတစိမ့်စိမ့်ပင် ရွာနေသောကြောင့် ညဉ့်ဦးအချိန်မျှသာဖြစ်သော်လည်း လူသွားလူလာ နည်းပါး၍ အနည်းငယ် ရှင်းသလို ထင်မှတ်မိသည်။ ကျွန်တော်သည် ဖရေဇာလမ်း၏ လူသာ၍ရှင်းသော ညာဘက် ပလက် ဖောင်းသို့ကူးကာ ငွေအစိတ်ရှာ၍ ရနိုင်မည့်အတွက်နှင့် နည်းလမ်းကို စဉ်းစား ကြံဆရင်း လျှောက်လာခဲ့ရာမှ ပန်းဆိုးတန်းကို ကျော်လာခဲ့ပြီးနောက် ၃၅ လမ်းထိပ်သို့ ရောက်လာသောအခါ မှောင်ရိပ်လွှမ်းနေသော ၃၅ လမ်း၏ နောက်ဖေးလမ်းကြားတစ်ခုထဲမှ အသက် ၁၂ နှစ်ခန့် သူငယ်ကလေး တစ်ယောက်သည် ခပ်သုတ်သုတ် ထွက်လာကာ "အစ်ကိုကြီး ကျွန်တော် ထီးခိုပြီး ခဏကလေး လိုက်ခဲ့ပါရစေ" ဟု ပြောပြောဆိုဆိုနှင့် ကျွန်တော်၏ ထီးအောက်သို့ ဝင်လာပြီးလျှင် ကျွန်တော့်ဘေး တွယ်ကပ်လိုက်ပါလာလေ သည်။

အငတ်အပြတ်များနှင့် အငြင်းပယ် အညှဉ်းဆဲခံတို့၏ လောကဝယ် အတော်အတန် အခြေစိုက်နေပြီဖြစ်သော ကျွန်တော်က ထိုစုတ်ပြတ်၍ ပိန်လှီ မွဲခြောက်လှသော လူငယ်အား ဘာမျှကန့်ကွက်နေစရာမလိုပေ။ သွားရင်း
mgyoe.com

mgyoe.com
SAMPLE BOOK


လာရင်း မိုးကပ်၍ ခိုခြင်းအား ကြည်ကြည်ဖြူဖြူနှင့်ပင် ခွင့်ပြုမိပေသည်။ ထိုသူငယ်မှာ မိုးကလည်း တော်တော်ကလေး စိုနေသဖြင့် ကြွက်စုတ်ကလေးနှင့် တူလှသည်။

အတန်ကြာ လျှောက်၍လာခဲ့ကြပြီးခါမှ "အစ်ကိုကြီးက ဘယ်အထိ သွားမှာလဲဟင်..." ဟု သူငယ်က နောက်ထပ်၍ မေးလာတော့မှပင် ကျွန်တော်သည် ထိုသူငယ်ကို ပြန်၍ ငုံ့ကြည့်ရင်း 'ကွန်တီနင်တယ်ဘက် အထိ သွားမလို့' ဟု ပြန်လည်ဖြေကြားရင်း 'မင်းကကော ဘယ်အထိ သွားရမှာလဲ' ဟု မေးလိုက်မိသည်။

"ကျွန်တော်က ရှေ့နားတင်ပါပဲလေ..." သူငယ်သည် ခပ်ပေါ့ပေါ့ပင် ဖြေလေသည်။

ထို့နောက်၌ကား ကျွန်တော်သည် ငွေအစိတ်ရဖို့အရေးလောက်ကိုသာ စိတ်စော၍ တွေးရင်း လျှောက်လာခဲ့ရာမှ ၃၃ လမ်းကို ကျော်လွန်လာပြီးနောက် ဆူးလေဘုရားလမ်းဆီသို့ ရောက်လုလုကလေးတွင် ကျွန်တော်တို့ကဲ့သို့ လမ်းဘေးကျကျ လျှောက်လာကြသော လူသုံးလေးယောက်နှင့် တိုးမိရာမှ တစ်ယောက်သောလူက ကျွန်တော့်အား မျက်လုံးပြူး မျက်ဆန်ပြာနှင့် လှမ်း၍ကြည့်ရင်း "ဟိုမှာ၊ ဟေ့လူ၊ ခင်ဗျားကို ခါးပိုက်နှိုက်နေတယ်၊ ချာတိတ်ကလေး" ဟူသော ရုတ်တရက် အလန့်တကြား သတိပေးလိုက်သောကြောင့် ကျွန်တော်သည် သတိရကာ ဖမ်းဆွဲမိရာ ဆွဲလိုက်ရာမှ ဆိုးပေနှင့် ပထမဦးစွာ တွေ့ဆုံခဲ့ရခြင်းဖြစ်လေသည်။

ယခုကဲ့သို့ ခါးပိုက်နှိုက်ရုံမျှသာမက ၎င်းတို့သည် ဖောက်ထွင်း ခိုးယူလေ့ရှိကြောင်းများကိုပင်လျှင် ဆိုးပေသည် ဣန္ဒြေရရနှင့်ပင် ရိုးဖြောင့်မှန်ကန်စွာ ကျွန်တော့်အား ဖြောင့်ချက်ပေးလေသည်။ သူသည် အဘယ်ကဲ့သို့ အလစ်သုတ်တတ်ကြောင်းများကိုပင် ဆိုးပေက အနည်းဆုံး ဂုဏ်ယူလျက် ပြောဆိုနေလိုက်သေးတော့သည်။

"ကျွန်တော်တို့ဘဝဟာ ဒါပဲလေ...။ ဒီလိုမှ လုပ်ကိုင်ရှာဖွေပြီး မစားနိုင်ရင်လည်း သင်္ချိုင်းမှာ အရိုးပဲ ဆွေးနေလောက်ပြီ။ အဲ... ဒါကို အစ်ကိုကြီးက မကျေနပ်သေးရင်တော့ ကျွန်တော့်ကို ကျောက်တံတားဂါတ်တဲ ပို့လိုက်ရုံပေါ့..." ဆိုးပေသည် ရှန်းကန်ခြင်း၊ ဣန္ဒြေပျက်ခြင်းမရှိလှဘဲ ခန့်ခန့်ညားညား

mgyoe.com

mgyoe.com SAMPLE BOOK


ညားနှင့် တည်တည်ပင် ပြောဆိုနေပေသည်။

ကျွန်တော်သည် ဘာမျှလည်း ပြန်၍မပြောနိုင်လောက်အောင် ဆိုးပေအား အံ့သြနေမိသည်။ ကျွန်တော့်အတွက် ဆိုးပေသည် အလွန်စိတ်ဝင်စားစရာကောင်းလျက်လည်း ရှိပေသည်။

"ကျောက်တံတားပို့ရင်လည်း... ပို့တာပေါ့လေ...၊ ကောင်းကောင်းတောင် အိပ်ရဦးမယ်" ဆိုးပေသည် ကျွန်တော်၏ အဆုံးအဖြတ်ကို စောင့်စားနေရခြင်းအား သည်းညည်းမခံနိုင်တော့သလို သူက လမ်းကြောင်း ဆုံးဖြတ်နေ၏။

ဤကဲ့သို့ ရိုးသားသော လူသားတို့ ကျူးလွန်ဖောက်ဖျက်ရခြင်း၏ အကြောင်းရင်း ဇာစ်မြစ်တရားခံစစ်စစ်ကို ရှာဖွေတွေ့ရှိ၍ တရားခံအား တိုက်ခိုက်သုတ်သင်ရန် ကြိုးပမ်းလုပ်ကိုင်နေသော လူတစ်ယောက်အဖြစ်နှင့် ထို ကလေးသူငယ်အား ကျွန်တော်သည် ရှပ်နက်တပ်သားများ၏ လက်ဝယ်သို့ အဘယ်သို့လျှင် အပ်ရက်နိုင်ပါမည်နည်း။ ဆိုးပေ ပြောဆိုနေသမျှကို ကျွန်တော်သည် တက္ကသိုလ်ဆရာတစ်ဦး၏ သြဝါဒထက်ပင် စိတ်ပါဝင်စားစွာ နားထောင်မိပေသည်။ ဆိုးပေ၏ သြဝါဒကို ကြားနာရသည်မှာ မြန်မာပြည်၌ ရာဇဝတ်မှုများ များပြားရခြင်း၏ အကြောင်းကိုလည်း ကိုလိုနီအုပ်ချုပ်ရေး ခေတ်တစ်ခေတ်က စုံစမ်းရေးသားခဲ့သော မစ္စတာ ဆွိုးသင့်တင့်၏ အစီရင်ခံစာကို ဖတ်ခဲ့ရဖူးသည်ထက် ပိုမိုလေးနက်၍ စိတ်ဝင်စားစရာအဖြစ် ကျွန်တော်က သဘောထားလိုက်သည်။ ထို့ကြောင့်ပင် ကျွန်တော်သည် ငွေအစိတ် ရှာဖွေရမည့်ကိစ္စကို ခပ်အေးအေးပင် သဘောထားလျက် ဆိုးပေအား ချောင်ခပ်ကျကျ လက်ဖက်ရည်ဆိုင်တစ်ခုဆီသို့ ခေါ်သွားခဲ့မိပေသည်။ ဆိုးပေသည် သူ၏သဘောကောင်းသော အစ်ကိုကြီးတစ်ယောက်ယောက်က ရုပ်ရှင်ကြည့်ရန် သူ့အား ခေါ်ဆောင်သွားသည့်အခါ၌ လိုက်ပါခြင်းမျိုးဖြင့် လိုက်ပါလာခဲ့သည်။ သူသည် သူ့အား ဂါတ်သို့ သွားရောက် အပ်နှံမည့်အရေးကို အနည်းငယ်မျှ ပူပန်စိုးရွံ့မိပုံမရ။ အရေးစိုက်ပုံလည်းမရ။ လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်၍ သူ့အတွက်ရော၊ ကျွန်တော့်အတွက်ပါ လက်ဖက်ရည်တစ်ခွက်စီနှင့် ပေါင်မုန့်ထောပတ်သုတ်များ မှာယူ၍ ရောက်လာသောအခါ၌ ဆိုးပေသည် ကျွန်တော့်အား တစ်ချက်မျှ အကဲခတ်ကြည့်ရှု

mgyoe.com

လိုက်ပြီးနောက် သူ့ဝေစု ပေါင်မုန့်ထောပတ်သုတ်ကို တစ်ခါတည်းတက်တက် ပြောင်အောင် တွယ်ပစ်လိုက်သည်။ ဆိုးပေသည် ငတ်ပြတ်ရခြင်းများ၏ သားငယ်ဖြစ်ဟန်ရှိပါ၏။ မွတ်သိပ်ဆာလောင်ရခြင်းများသည် သူ၏ ညီအစ်ကိုနှင့် မောင်နှမများလား...။

ဆိုးပေအား ကျွန်တော်က ဤကဲ့သို့ စတင်တွေ့ရှိခဲ့ရ၏။ ကျွမ်းဝင်သိရှိခဲ့ရ၏။ သူ၏ မွေးနေ့ အခမ်းအနားမှာတော့မဟုတ်။

လူ့အဖြစ်ကို နာယူသင်ကြားရမည့် ကလေးသူငယ်အရွယ်၌ပင်လျှင် ဆိုးပေတစ်ယောက်သည် တိရစ္ဆာန်ကလေးတစ်ကောင်နှင့်မခြား သူ့အသက် ကလေးတစ်ချောင်း ရှင်ရေးအတွက် ဆိုးရွားလှသော ပတ်ဝန်းကျင်နှင့် ဖြစ်သလို ရုန်းကန်တိုက်ခိုက်နေရရှာသော သားငယ်တစ်ယောက်မျှသာ ဖြစ်လေသည်။ သူသည် ရန်ကုန်မြို့၏မှောင်ရိပ်ဖုံးလွှမ်းထားသော နောက်ဖေး လမ်းကြားထဲရှိ တဲပုတ်တဲငယ်များ၌ လူဖြစ်လာရပေသည်။ တိုက်ပျက် တိုက်အိုများ၏အကြား၌ ခိုကပ်နေရကာ ခါးပိုက်နှိုက်ရာ၌ လူမိသောအခါ နားရင်း ပါးရင်း မီးပွင့်သွားသလား ထင်ရအောင် အရိုက်အနက်ခံရတတ်သည်။ တစ်ခါတစ်ရံ ပုလိပ်လက်ရောက်၍ ဂါတ်တဲများ၌ လိမ့်နေအောင် အကန် အကျောက်ခံရသည်။ သို့ရာတွင် သူသည် မီးပွင့်အောင် အရိုက်ခံရခြင်း အတွက်လည်း ငိုယိုနေ၍ကား မပြီးသေး။ သူသည် မှောင်ရိပ်နှင့် နောက်ဖေး လမ်းကြားများထဲသို့ ပြန်လည်ခိုကပ်ရဦးမည်။ ဖာသည်မအတွက် အောင် သွယ်လုပ်တန်က လုပ်ရဦးမည်။ မလုပ်၍လည်း မဖြစ်သေး။ ဝမ်းက ပူလှ၏။ ခိုးတန် ဝှက်တန်က လက်နှေးနေ၍လည်း မဖြစ်သေး။ ဆိုးပေသည် အသက် ရှိသော သတ္တဝါဖြစ်၍ သဘာဝကျကျပင် သူ၏အသက်ရှင်ခွင့်ကို ရှာကြံ ရဦးမည်ဖြစ်လေသည်။

လက်ဖက်ရည်ဆိုင်၌ ဆိုးပေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ကျွန်တော်သည် သက်ညှာစိတ်ဝင်စားစွာ ကြားနာခဲ့ရပြီးနောက် နှစ်ယောက်သား ဆိုင်ထဲမှ ပြန်၍ထွက်လာခဲ့လေသည်။ လက်ဖက်ရည်ဆိုင်အပြင်သို့ ရောက်လျှင်ပင် လမ်းဘေးမှောင်ရိပ်များမှ ဆိုးပေနှင့် ရွယ်တူတန်းတူ ကလေးသုံးယောက် သည် ကျွန်တော့်ဘေးတွင် ဝိုင်းလာကြလေသည်။ ပထမသော် ကျွန်တော် သည် နားမလည်မိပေ။ ဆိုးပေက သွက်လက်စွာနှင့် "ဟော့ကောင်တွေ ဒါ

mgyoe.com

mgyoe.com SAMPLE BOOK


ငါ့အစ်ကိုကြီးကွ”ဟု ပြောဆိုလိုက်သည်ကိုပင် ကျွန်တော်သည် ဆက်စပ်၍ မရမိသေး။ နောက်တော့မှ ဆိုးပေတို့၏ ဂိုဏ်းသားကလေးများဖြစ်ကြောင်း သိရှိရပေသည်။ ထိုကလေးများအားလုံးသည် ဆိုးပေနှင့် တစ်တန်းစားတည်း ဖြစ်ကြသည်။ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြား၏ ရလဒ်များ။

သို့ရာတွင် ဤကလေး လေး၊ ငါးယောက်နှင့် ကျွန်တော်သည် ဘာလုပ် ရပါမည်နည်း။

သူတို့၏ မျက်နှာကလေးများသည် ဆာလောင်၍ ညှိုးနွမ်းနေကြသည်။ ပေရေရိုပြဲနေသော အဝတ်အစားများမှာလည်း မိုးစိုနေကြသည်။ သူတို့၏ ဝမ်းဗိုက်ကလေးများသည် ပိန်ချိုင့်နေကြသည်။ အာဟာရနှင့် ကျန်းမာရေး ချို့တဲ့လှ၍ သူတို့သည် ပိန်လှီလှသည်။ မိုးရေကလည်း စိုစွတ်နေသော ကြောင့် ကြွက်စုတ်ကလေးများနှင့်သာ တူနေလေသည်။

ကလေးများသည် “ဟေ့ကောင်တွေ၊ ဒါ ငါ့အစ်ကိုကြီးကွ”ဟု ဆိုးပေက မိတ်ဆက်ပေးလိုက်ခြင်းကြောင့် ရဲဝံ့ရင်းနှီးစွာ သူတို့ ထမင်းဆာလောင်လှ ကြောင်းများကို ပြောပြကြလေသည်။ မုန့်ဖိုးပေးရန်လည်း တောင်းကြလေ သည်။

“မနက်ကတည်းက ကျွန်တော် ဘာမုန့်မှ မစားရသေးဘူး အစ်ကိုကြီး” ဟု ပြောသူက ပြော၏။

“ခေါက်ဆွဲဆိုင်တွေက သူများစားလို့ ကျန်တဲ့ဟာတွေကိုလည်း လိုက် တောင်းမရလို့ သိပ်ဆာလှပြီဗျ…”ဟု ပြောသူကလည်း ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောပြ နေ၏။

“ဗိုက်ကလည်း လေထိုးလွန်းလို့ နာလှပြီ အစ်ကိုကြီး”ဟု ပြောသူက ပြောနေသေး၏။

သူတို့အားလုံး၏ အသီးသီးသော ဝတ္ထုကလေးများကို တစ်ဦးစီပင် ကျွန်တော်က လက်ခံကြားနာရပေသည်။ သည်လို မိုးတစိမ့်စိမ့်ရွာနေသော မှောင်ရိပ်ဝယ် အမွေမဲ့ သားငယ်ကလေးများ၏ နာကျင်ဆာလောင်ခြင်း ဝတ္ထုများကို ကြားနာနေရစဉ် ခပ်လှမ်းလှမ်း ပျော်ပွဲစားရုံတစ်ခုမှ မြန်မာ့အသံ က ဒါဂျီလင်တွင် ပညာတော်သင်နေသော ဝန်ကြီး ဦးစားဖား၏ တစ်ဦး တည်းသော သမီးကလေး အင်းဂရစ် စားဖားမကလေးအတွက် ဝါရှင်တန်

mgyoe.com

mgyoe.com

SAMPLE BOOK


ရောက် ပညာတော်သင် မာဂရက်ဖိုးကူးက သတိရလက်ဆောင်ပါးလိုက်သော 'ရွှေမိုး–ငွေမိုးရွာ' တေးသီချင်းဖြင့် ဖျော်ဖြေနေပေသည်။ မြန်မာ့အသံသည် ရန်ကုန်မြို့၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများထဲ၌ ဆာလောင်ရခြင်း၏ သားငယ် သမီးငယ်ကလေးများအတွက်ကားမဟုတ်ပေ။ သို့ရာတွင် ထိုအမွေမဲ့ သားငယ်များအတွက် နေ့တစ်နေ့သည် မိုးသောက်ရပေဦးမည်။ ရွှေမိုး–ငွေမိုးသည်လည်း ရွာရပေဦးမည်။ ပြည်သူ့အာဏာသစ်ထွန်းတော့မည့် ထိုတစ်နေ့တစ်ရက်၌...။

ကျွန်တော်သည် အိတ်ကပ်အတွင်း၌ ခြေစောင့်လက်စောင့်နှင့် လမ်းစရိတ်အတွက် ထားရှိရသော ပိုက်ဆံအကြွေကလေး သုံးကျပ်ခွဲလောက်နှင့် ထိုကလေးများ၏ ပူနေသောဝမ်းကို အဘယ်ပုံ အဘယ်နည်းဖြင့် အေးငြိမ်းစေရမည့်အရေးကို တွေးကာနေမိသည်။ မုန်တိုင်းထဲ၌ တောင်ပံကို အနိုင်နိုင်သယ်ယူပျံသန်းနေရသော လင်းယုန်ကိုပင် မေ့နေသည်။

အပေါ်စား ထမင်းဆိုင်တစ်ဆိုင်တွင် ပေါပေါနှင့် များများရသော ထမင်းဟင်းများကို သူတို့ငါးယောက်အတွက် မှာယူပေးပြီးလျှင် ဘေးမှထိုင်၍ သူတို့စားသောက်ကြပုံကို ကြည်နူးစွာ ကြည့်နေမိသည်။ သူတို့သည် တိရစ္ဆာန်ကလေးများနှင့်မခြား သူ့ထက်ငါ အလုအယက်နှင့် ပလုတ်ပလောင်း စားနေကြလေသည်။ သူ့ထက်ငါ အလုအယက် ဟင်းများကိုထည့်၍ နယ်ကာဖတ်ကာ စားသောက်နေကြ၏။ တစ်ဦးလျှင် ထမင်းသုံးပန်းကန်လောက် တွယ်ပစ်လိုက်ကြလေသည်။

စားသောက်ပြီးသောအခါ သူတို့သည် ဆေးလိပ်ကို တောင်းကြပြန်လေသည်။ သူတို့ငါးယောက်စာအတွက် ထမင်းဖိုးက သုံးကျပ်နှင့် တစ်မူးပင်ကုန်ကျခဲ့ရပြီဖြစ်၍ လက်ထဲတွင် သုံးမူးသာကျန်ရာ ထိုသုံးမူးထဲမှ တစ်ပဲနှစ်လိပ်ရသော ဆေးပေါ့လိပ် အငယ်ကလေး သုံးပဲဖိုး ဝယ်ပေးရပြီးလျှင် ဝေခြမ်းရာ၌ ကျွန်တော့်အတွက်ပင် ဝေစုတစ်လိပ် ရလိုက်သေးသည်။

ဤကဲ့သို့ ကျွန်တော်သည် ဆိုးပေနှင့်တကွသော ရန်ကုန်မြို့၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားထဲမှ အမွေမဲ့ သားငယ်ကလေးများကို တွေ့ဆုံသိကျွမ်းလာခဲ့ရာမှ နောက်ဆုံး ထိုကလေးများသည် လင်းယုန်နေ့စဉ်သတင်းစာကို ဆင်းရဲသားရပ်ကွက် နောက်ဖေးလမ်းကြားများထဲ၌ လိုက်လံ

mgyoe.com

mgyoe.com SAMPLE BOOK

အော်ဟစ်ရောင်းချသော အလုပ်ကို လေ့ကျင့်ခဲ့ရသည်။

တကယ်ဆိုသောအခါ ထိုကလေးလူငယ်များသည် သဘာဝအလျောက် အလွန်တရာဖြူစင်၍ ချစ်ခင်နှစ်လိုဖွယ်ရာကောင်းလှပေသည်။ သူတို့သည် မခိုးချင် မဝှက်ချင်ကြပေ။ လူကောင်း သူကောင်းကလေးများသာဖြစ်လေသည်။ ထမင်းနပ်မှန်မှန် စားရလျှင် ကျောင်းပင်နေချင်ကြရှာသေးတော့သည်။ သို့ရာတွင် ဘဝ၏ လုံခြုံရေးဖြစ်သော အသက်ရှင် တည်တံ့နေမှုအတွက် သူတို့အား လက်ရှိ လူနေမှုစနစ်ကြီးက ကန်ကျောက်ငြင်းပယ်ထားသည့်အတွက် တိရစ္ဆာန်ကလေးများကဲ့သို့ ကြမ်းတမ်းရိုင်းစိုင်းလာကြသည်။ ခိုးတတ် ဝှက်တတ်လာရသည်။ အမှန်ကို စောဒကတက်ရပါမူ သည်အမွေမဲ့သားငယ်များ၌ ဘာအပြစ်မှမရှိ။ ကလေးများသည် အလွန်တရာ နှစ်လိုဖွယ်၊ ချစ်ခင်စုံမက်ဖွယ် ကောင်းလှသည်။

လင်းယုန်နေ့စဉ် သတင်းစာအား ဇူလိုင်လကုန်လောက်အထိ ထုတ်ဝေခဲ့ရသည့် အတောအတွင်း ဆိုးပေကလေးများသည် လင်းယုန်သတင်းစာကို ဝမ်းသာအားရ ဟစ်အော်၍ ရောင်းချခဲ့ကြလေသည်။ သူတို့အတွက် ရောင်း၍ရသော သတင်းစာ၏ တစ်ဝက်ကို လုပ်ခအဖြစ် ရရှိကြသောကြောင့် သူတို့သည် သူ့ထက်ငါ စောင်ရေပိုမိုရောင်းနိုင်အောင် အားကြိုးမာန်တက် ပြေးလွှားရင်း အော်ဟစ်ရောင်းချသည်ကို ကျွန်တော်သည် မေ့ပျောက်၍ မရနိုင်ပါ။ EMULATIONဟု ခေါ်ရမည်။ သူ့ထက်ငါ အပြိုင်အဆိုင် လုပ်ကိုင်ကြပုံကလေးများမှာ အလွန်ပင် အံ့သြလေးစားစရာကောင်းလှသည်။ သူတို့သည် အလုပ်သမားရပ်ကွက်များ၊ ဆင်းရဲသားရပ်ကွက်များတွင် မတရားရွေးကောက်ပွဲနှင့် ဝက်အူလှည့်သောအကြောင်းများကို အားတက်သရော ထုတ်ဖော်အော်ဟစ်ကာ လင်းယုန်သတင်းစာကို လိုက်လံရောင်းချခဲ့ကြ၏။ သူတို့သည် တစ်နေ့ တစ်နေ့လျှင် သုံးကျပ်ခွဲမှ လေးကျပ်အထိ ရရှိကြရာ လုံချည်ကလေး၊ အင်္ကျီကလေးများပင် ဝယ်ဝတ်၍ သန့်သန့်ရှင်းရှင်းနှင့် ဖြူဖြူစင်စင် နေထိုင်လာကြပုံကိုလည်း ချစ်ခင်နှစ်လိုဖွယ်ရာ တွေ့မြင်ခဲ့ရပေသည်။

ဤကဲ့သို့ ဘဝလုံခြုံမှုနှင့် အသက်မွေးဝမ်းကျောင်းရေးကို ရရှိခဲ့ကြသော အချိန်မှစ၍ ထိုကလေးများသည် ခိုးဝှက်ဖောက်ထွင်းသော အလုပ်များကို

mgyoe.com

mgyoe.com  SAMPLE BOOK 

လုံး၀ စွန့်လွှတ်လိုက်ကြသည်။ သူတို့သည် အလွန်တရာ ဝီရိယလည်း ကောင်းလာကြလေသည်။ လင်းယုန်သတင်းစာကို ပုံနှိပ်ပေးသော သမ္မတပုံနှိပ်တိုက်တွင် စောင့်၍အိပ်ကာ ကျီးမနိုးမီပင် သတင်းစာကို ပိုက်ယူ၍ ထွက်သွားကြပြီးလျှင် "အတိုက်အခံ အမတ်လောင်းတစ်ဦးအား စစ်ယူနီဖောင်း၀တ်များက ဖမ်းသွားပြန်ပြီတဲ့"၊ "ပြည်သူ့အာဏာသစ် လင်းယုန်"၊ "တစ်စောင်မှ တစ်မတ်" ဟူ၍ အော်ဟစ်ကာ လိုက်လံရောင်းချနေကြလေပြီ။

အဘယ်မျှ ချစ်ခင်နှစ်လိုဖွယ်ရာကောင်းလှသော လူ့ဘောင်၏ အသီးအပွင့်များပါနည်း။

သို့ရာတွင် ပြင်းထန်သော မုန်တိုင်းပြင်၀ယ် လင်းယုန်သည် တောင်ပံကို လျှော့၊ သတင်းစာကို ရပ်လိုက်ရပြီးနောက် ဂျာနယ်လောက်ကိုပင် အနိုင်နိုင် ဆက်လက်ထုတ်ဝေရသော အခါကာလ၌ ထိုအမွေမဲ့ကလေးများအတွက် မည်သည့်လုံခြုံမှုကိုမျှ ကျွန်တော်သည် မလုပ်ပေးနိုင်ခဲ့။ သတင်းစာ ရပ်လိုက်ရပြီးနောက် သူတို့သည် တစ်စထက် တစ်စ ပျောက်၍ သွားကြလေသည်။

နေ့စဉ်သတင်းစာကို ပိတ်လိုက်ရခါစကမူ ကလေးများသည် စိတ်အားထက်သန်စွာဖြင့် သုံးရက်တစ်ကြိမ်လောက် ပေါ်လာတတ်ကြကာ သတင်းစာပြန်၍ ထွက်လိမ့်နိုးနိုးနှင့် စောင့်စားနေကြလေသည်။ သူတို့သည် မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများထဲသို့ ပြန်လည်ခိုကပ်ရမည့်အရေးကို များစွာ ထိတ်လန့်ပုံရသည်။

သို့ရာတွင် ငှက်ကြီးကား တော်တော်နာလျက်ရှိနေပြီဖြစ်၍ မလှုပ်နိုင်တော့ ကုပ်၍ငြိမ်နေ၏။

"သတင်းစာ ဘယ်နေ့လောက် ပြန်၍ထွက်နိုင်ဦးမှာလဲဗျ... အစ်ကိုကြီး"

ထိုထက်သန်လှသော အမေးကို ကျွန်တော်သည် ငြိမ်သက်စွာ ကုပ်၍နေရာမှ ကြားနာရပေသည်။ သူတို့သည် အလုပ်လုပ်ရန် အလွန်ထက်သန်လျက်ရှိကြသည်။ သို့ရာတွင် လင်းယုန်သည် အားကုန်နေလေပြီတကား...။

ကလေးများသည် စိတ်အားငယ်သွားကြပုံရလေသည်။ သုံးရက်တစ်ကြိမ်လောက် လာနေကြရာက ဆယ်ရက် တစ်ကြိမ်လောက်တော့ လာကြည့်၍ မေးမြန်းစောင့်ဆိုင်းကြသေး၏။

mgyoe.com

mgyoe.com SAMPLE BOOK


သို့ရာတွင် ရန်သူမုဆိုးများ ပတ်ပတ်လည်ဝိုင်းနေသည့် ဒေသ၌ ငှက်ကြီးသည်ကား အားကုန်နေလေပြီ။ အားသစ်ကို ပြန်စုရန်၊ ပြန်ဖြည့်ရန် ချောင်ကောင်းကောင်းမှာ ကုပ်နေပေရဦးမည်။ ဤကဲ့သို့နှင့်ပင် ထိုအမွေမဲ့ သားငယ်များသည် ရန်ကုန်မြို့၏ မှောင်ရိပ်များနှင့် နောက်ဖေးလမ်းကြား များထဲသို့ ပြန်လည်ပြေးဝင် ခိုကပ်သွားကြပုံ ရလေသည်။ သဘာဝအားဖြင့် ချစ်စရာကောင်းသော လူ့အသီးအပွင့်ကလေးများသည် မရှိသောဘဝ၏ လုံခြုံမှုအတွက်ဖြစ်သော လုံခြုံမှုရှိရာသို့ ခိုကပ်ကြလေပြီ။ သူတို့သည် သူတို့ မလုပ်ချင်သော ခါးပိုက်နှိုက်အလုပ်ကို လုပ်ကြရပေမည်။ ဖာသည်မ၏ အောင်သွယ်လုပ်ကြရပေဦးမည်။ ကျပ်သည်ထက် ကျပ်လာက ဖောက်ထွင်း မှုကိုပင် ကျူးလွန်ကြရပေဦးတော့မည်တကား။

ထိုနောက်၌ကား ကျွန်တော်သည် တစ်ပတ်တစ်ကြိမ်ထုတ် ဂျာနယ်ကို အားစိုက်လုံးပန်းရသဖြင့် လုပ်ငန်းထဲ၌သာ နစ်မြုပ်နေ၍ ထိုကလေးများနှင့် မတွေ့ရတော့။ ဤကဲ့သို့ ပြေးလွှားလုံးပန်း၍ နေခဲ့ရရာမှ နောက်ဆုံး ကျွန်တော်သည် ပုလိပ်ရုံးကြီး၏ အောက်ထပ် အချုပ်ခန်းဘက်၌ အလွန် တရာ ကြောက်မက်ဖွယ်ကောင်းလှသည်ဟု တရားသူကြီးဆိုသူက သတ်မှတ် ဆုံးဖြတ်ခြင်းခံရသော ဆိုးပေနှင့် မမျှော်လင့် မထင်မှတ်ဘဲ တွေ့ကြုံခဲ့ရခြင်း သာလျှင် ဖြစ်လေသည်။

ချစ်စွာသော စာဖတ်သူခင်ဗျား...

မီးမောင်းကြီးများဖြင့် ထွန်းညှိလင်းထိန်နေသော လွတ်လပ်ရေးကျောက် တိုင် ဘေးပတ်ပတ်လည်တစ်ဝိုက်၌ သာယာကြည်နူး၍ ချမ်းမြေ့နေနိုင်ကြ သော လူများ၏အကြောင်းနှင့် အမေရိကန် ကျေးဇူးတော် မီးချောင်းကြီး များဖြင့်ထွန်းညှိ၍ လင်းထိန်နေသော ဆူးလေဘုရားလမ်းဘက်တစ်လျှောက်၌ ရစ်ဖြိုးဝအီနေကြသော လူများ၏အကြောင်းကို သူတို့က အမွှမ်းတင် ဂုဏ်ပြုဖွဲ့နွဲ့ ရေးသားခဲ့ကြသော အကြောင်းအရာများနှင့် ယခု ကျွန်တော် ၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများထဲမှ အကြောင်းအရာများသည် အဘယ်သို့ရှိနေကြပါသနည်း။ အဆုံးအဖြတ်သည် စာဖတ်သူ၏ လူ့ လောကအမြင်ပေါ်၌သာ တည်ရှိနေပါလိမ့်မည်။ စာရေးသူနှင့် အဓိက သက်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်သော ပြဿနာမဟုတ်ပါ။

အမြောက်နှင့် အပေါင်းတို့၏ ရလဒ်ကား မဟုတ်။ ဆိုးပေသည် အနုတ်နှင့် အစားတို့၏ ရလဒ်မျှသာလျှင်ဖြစ်ပေသည်။ ကိန်းနှစ်ခုမှာ အမေရိကန်မီးချောင်းနှင့် လွတ်လပ်ရေးကျောက်တိုင်များတော့ မဟုတ်။ ရန်ကုန်မြို့၏ မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားများ...။

အမွေမဲ့ သားငယ်တို့သည် ဖာသည်မ၏သားများ ဖြစ်ချင် ဖြစ်ကြပေလိမ့်မည်။ ငါတို့၏ အမေသည် ဘယ်သူဘယ်ဝါမှန်းပင် သူတို့မသိကြ။ သူတို့သည် ဖအေမရှိသော သားငယ်များ ဖြစ်ပုံရကြသည်။ လူပျိုကာလသားတို့၏ သားငယ်များ ဖြစ်နေကြရသည့်အတွက် အမွေမဲ့သားတို့သည် များးစွာ ဝမ်းနည်းလှမည်ကား မဟုတ်။ သူတို့အား ဖာသည်မရဲ့သား ခေါ်ဝံ့သူရှိက ခေါ်လိုက်စမ်းပါ။ ဆစ်ဖလစ်၊ ဂိုနိုရီယားစသော ကာလသားရောဂါများ ဖွဲ့ကပ်ကာ နွမ်းနေသော ယနေ့ မြန်မာနိုင်ငံ လူနေမှုစနစ်ကြီးအား ကျွန်တော်က အူမချေးခါးကစ၍ ငယ်ကျိုးငယ်နာတွေပါ ဖော်ထုတ်ပြရလိမ့်မည်။ ပုတ်သင်ဥကို တူးလာမှ ညောင်မြစ်ကို ချမ်းသာပေးနိုင်လိမ့်မည်ကား မဟုတ်တော့။ သည်အမွေမဲ့သားငယ်ကလေးများအား သူခိုး ကြမ်းပိုး တေလေကလေးတွေဟု ခေါ်ရဲက ခေါ်လိုက်စမ်းပါ။ အတွင်း၌ အဘယ်သို့မျှ ကြည့်မကောင်း မြင်မကောင်းလောက်အောင် ပုပ်သိုးနေသော အနာဆွေး အနာပောင်းနှင့် အနာကြီးများကို ကျွန်တော်ကလည်း ပါးရိုက်လိုက်ပြီဖြစ်၍ နားကိုက်ရမည်ကဲ့သို့ပင် ကလောင်တံနှင့် ထိုးဆွလိုက်ရပေလိမ့်မည်။

သို့ရာတွင် ရန်ကုန်၏မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားတို့၏ ရလဒ်ဖြစ်သော ဆိုးပေအား လွတ်လပ်ရေးကျောက်တိုင်နှင့် အမေရိကန် မီးချောင်းတို့၏ ရလဒ်များက သားကောင်အဖြစ် ဖမ်းဆီးလျက် အကျဉ်းထောင်ထဲ၌ ထည့်ထားလိုက်ကြသောအဖြစ်ကိုကား ချစ်စွာသောစာဖတ်သူသည် အဘယ်သို့ သဘောထားပါသေးသနည်း။

ကျွန်တော်၏ ဆိုးပေတစ်ယောက်ကမူ လားလားမျှ ဂရုစိုက်ဟန်မရ။ သူက ပြောသွားသေးသည်ပင် မဟုတ်သလော။ ချစ်သောစာဖတ်သူ မှတ်မိပါသေးသလား။

"အပြင်မှာ အိပ်စရာ နေစရာ မရှိလို့ ခိုးစားနေရတာထက်စာရင် ထောင်

mgyoe.com

mgyoe.com SAMPLE BOOK


ထဲက ပိုမကောင်းဘူးလားဗျ… အစ်ကိုကြီး…”

ဆိုးပေက ကလေးသူငယ်၏ လူ့ဘောင်အား ကြည့်မြင်ချက်၊ သဘောထားချက်များကို ရိုးရိုးကလေးပင် ပြောဆိုသွားခဲ့ခြင်း ဖြစ်ပေသည်။ သူသည် မခိုးမခန့် ပြောဆိုသွားခြင်းကား မဟုတ်။ လှောင်ပြောင်ခြင်းလည်း မဟုတ်။

ချစ်စွာသော စာဖတ်သူခင်ဗျား…

လွတ်လပ်ရေးကျောက်တိုင်ကြီးများနှင့် အမေရိကန် မီးချောင်းကြီးများဖြင့် ဟိတ်ဟန်ထုတ်လှသော ထိုကာလသားရောဂါ စွဲကပ်နေသူကြီးသည် ဖာသည်မရဲ့သား၏ စကားကိုများ ကြားလျှင် သူ့မျက်နှာဆိုးကြီးအား ဓားနှင့်လှီးပစ်လိုက်ဖို့သာ မကောင်းပါလား။

သို့ရာတွင် သူသည် ပုပိန်ရွဲ့တွနေသော မျက်နှာဆိုးကြီးအား ပေါင်ဒါ၊ ရေမွှေးများ လိမ်းကျံခြယ်လှယ်လျက် အထပ်ထပ်ထွက်နေသော ကျပ်များကို ဖုံးကွယ်ရန် သူ့လည်ပင်းအား ပိုးသားပဝါဖြစ်စေ၊ မာဖလာဖြစ်စေ ရစ်ပတ်လျက် သူ့ဝမ်းထဲ၌ ချေးပင်မရှိသလို မျက်နှာပြောင်ပြောင်နှင့် “ပြည်တော်သာရမည်” ဟု သံသေးသံကြောင်နှင့် ဟန်လုပ်နေလိမ့်ဦးမည်ဖြစ်ကြောင်း လောက်သာ ကျွန်တော် ရေးသားလိုပါသတည်း။

၁၂-၇-၁၉၅၂
ဗမာအမျိုးသမီးမဂ္ဂဇင်း၊ အမှတ် (၁)၊ ၁၉၅၃။

✦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# နောက်ပိတ်ခွေး

## (၁)

အောင်သန်းသည် မေ့လျော့ထားခြင်းကို ခံနေရသော သားငယ်တစ်ယောက် သာဖြစ်၏။ သူ့ကို သတိရသူ မရှိ။ သူသည် စွန့်ပစ်ခြင်းကို ခံနေရ၏။ သို့ရာတွင် သူ့အား လိုက်လံရှာဖွေကြမည့် မိဘတို့သည် မရှိ၊ ညီအစ်ကို မောင်နှမနှင့် ဆွေမျိုးဉာတကာတို့သည်လည်း မရှိ။ သူ့ကို မေ့လျော့ ထားကြသည့်အတွက် အောင်သန်းသည် များစွာ အရေးထားလှပုံမရ။ စွန့်ပစ်ထားခြင်းကို ခံရသည့်အတွက်လည်း သူသည် ဝမ်းနည်းမိဟန် မတူ။ သူသည် ရဲရင့်သော လူသားတစ်ယောက်ပီပီ သူ့အား မေ့လျော့ စွန့်ပစ် ထားကြသော လူ့ဘောင်ကြီးအတွင်း၌ သူ၏ စွမ်းပကားဖြင့် အသက် တစ်ချောင်းကို မွေးမြူနေထိုင်လျက်ရှိသည်။

အောင်သန်းသည် ကျေးလက်၏ ရလဒ်ဖြစ်သော်လည်း နေပြည်တော်၌ စွဲမြဲနေထိုင်လျက်ရှိသည်။ ကျေးလက်၏ သားသမီးပီပီ အောင်သန်းသည် စိမ်းလန်းသော လယ်ကွင်းများသို့ အဘယ်ကြောင့် ပြန်၍ မနေထိုင်ရသနည်း။ ပလွေသံနှင့် နွားခလောက်သံများကို သူသည် မလွမ်းဆွတ်လေသလော။ မှိုနတိုနှင့် ချဉ်ပေါင်ရည်တည်တို့ကိုလည်း သူသည် မေ့လျော့လေပြီလော။ အဘယ်ကြောင့် သူ့အား လူရာမသွင်းသော နေပြည်တော်၌ ပျော်ပိုက်၍ နေရသနည်း။ သူသည် အခလွတ် ပညာသင်ကြားခွင့်ရသည်ဆိုသော တက္ကသိုလ်ပညာရေးကို တပ်မက်နေသလား။ သို့မဟုတ် ကမ္ဘာအေးစေတီ

mgyoe.com
SAMPLE BOOK


ကို ဖူးမြော်ရင်း ပြည်တော်သာစီမံကိန်း၏ တိုက်တစ်လုံး၊ ကားတစ်စီးနှင့် လစာ ၈၀၀၊ ၁၀၀၀ တို့ကို စောင့်စားနေသလား။ ပုထုဇ္ဇနော ဥမ္မတကော ဟု ဘုရားရှင် ဟောကြားထားသော်လည်း အောင်သန်းသည် မိုက်မဲလောက် အောင်ကား မရူးပါ။

အောင်သန်းသည် လယ်ကွင်းပြင်များ၌ မွေးဖွားလာခဲ့ရသော လယ်သမား သားသမီးပီပီ နွားကျောင်းရင်း ပလွေကြိုက်၏။ သူသည် ကွင်းပြင်၌ တိုက်ခတ်သောလေကို ရှူရှိုက်၏။ သို့ရာတွင် ကျေးလက်၌ ယနေ့တိုင် မိုးကောင်းလျက်ရှိသော မြေရှင်က သူ့အား ကျောတစ်ရာ၊ ရင်တစ်ရာ ရိုက်ခတ်၍ လယ်ကွင်းများထဲမှ နှင်ထုတ်လိုက်သည်။ သူ့အဘိုး၏ လယ်ကို သိမ်းယူ၍ သူ့အဘကိုလည်း လယ်ထဲမှ ကန်ထုတ်လိုက်သောအခါ အောင်သန်းသည် ပြေးမိပြေးရာသို့ ပြေးရင်း နေပြည်တော်သို့ ရောက်လာခြင်းဖြစ်၏။

အောင်သန်းသည် ဤကဲ့သို့ အမွေမဲ့သားတစ်ယောက် ဖြစ်လာခဲ့ရသည်။ သူ့တွင် အတတ်ပညာလည်း မရှိပေ။ သူသည် လူလားမမြောက်ရမီပင် သူ၏ဝမ်းတစ်ထွာကို ရသောနည်းနှင့် ကျောင်းခဲ့ရသည်။ သူ၏အသက်ရှင် နေနိုင်ရေး တိုက်ပွဲသည် ကျပ်တည်းလှ၏။ မနိုင်သောဝန်ကိုလည်း ထမ်းခဲ့ရ၍ မရောက်နိုင်သော ခရီးကိုလည်း သွားခဲ့ရ၏။ ဘဝ၏ထန်ပြင်းသော မုန်တိုင်းအကြားဝယ် သူသည် လွင့်ချင်ရာ လွင့်နေခဲ့ရ၏။ ငတ်မွတ်ရခြင်းသည် သူ၏ညီအစ်ကိုဖြစ်၍ နာကျင်ရခြင်းများသည် သူ့နောက်သို့ တကောက်ကောက် လိုက်ပါနေကြသော အရိပ်များဖြစ်ကြသည်။

သို့ရာတွင် အောင်သန်း၌ လေးမြတ်စရာကောင်းသော သတ္တိတစ်ခုရှိသည်။ သူသည် အတိတ်ကို လုံးဝမြှုပ်နှံထားနိုင်ခြင်းပင်ဖြစ်၏။ သူသည် ပစ္စုပ္ပန်၌သာ နေထိုင်လျက် အနာဂတ်ကိုလည်း အိပ်မက်မက်ခြင်း ရှိပုံမရ။ သူသည် နံနက်စာကို တွေ့ရသောအခါ စား၏။ သို့ရာတွင် ညစာအတွက် သူသည် မစဉ်းစား။ တွေ့လျှင်လည်း စားမည်။ မတွေ့လျှင်လည်း မစားဘဲ နေလိုက်မည်။ မခံမရပ်နိုင်လောက်အောင် ဆာလောင်လာသောအခါ သူသည် တော၏ဥပဒေအတိုင်း ရှာဖွေ၍ စားသောက်တတ်သည်။ သည်အတွက်နှင့် သူ့ကို ဝိုင်းဝန်းဖမ်းဆီး၍ တရားရုံးများသို့ ပို့ကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK


ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော တရားမင်းများက နေပြည်တော်အရပ်၌ တောဥပဒေကို လိုက်နာသော အောင်သန်းအား အပြစ်ပေးကြ၏။

ရန်ကုန်ထောင်အတွင်းသို့ အောင်သန်းသည် အကြိမ်ကြိမ် ရောက်ခဲ့ပြီးပေပြီ။ သူသည် ကလေးအရွယ်၌ ကလေးထောင်တွင် နေထိုင်ကြီးပြင်းခဲ့ရပြီးလျှင် ယခု အသက် ၄၀ နီးသော အရွယ်၌ကား မြန်မာနိုင်ငံ အကျဉ်းထောင်အနှံ့အပြား၌ လှည့်လည်နေထိုင်ခဲ့ပြီးလေပြီ။ ဤအတိုင်းသွားနေလျှင် သူသည် ထောင်ထဲ၌ပင် အရိုးထုတ်လိမ့်မည်ဟု ခန့်မှန်းရသည်။

၁၉၅၂ ခုနှစ်အတွင်းက နိုင်ငံတော်အစိုးရ၏ ကျေးဇူးကြောင့် အထက်ပါ အောင်သန်းကို သွေးများစွန်းထင်းနေသော ရန်ကုန်ထောင်ကြီးအတွင်း၌ ကျွန်တော်သည် တွေ့ဆုံခဲ့ရပေသည်။

## (၂)

ကျိုးကန်းနှင့် စာငှက်များကို အရှင်ရအောင် ဖမ်းနိုင်သည်ဆိုသော ထူးခြားသည့် အရည်အချင်းကြောင့် အောင်သန်းကို ကျွန်တော်သည် စတင်၍ စိတ်ဝင်စားမိ၏။ ထို့ထက်လွှဲ၍ အောင်သန်း၏အကြောင်းကို ဘာမျှတော့ မသိသေး။ ကျိုးကန်းနှင့် စာငှက်များကို အရှင်ရအောင် ဖမ်းဆီးနိုင်သော လူတစ်ယောက်ထက်လွှဲ၍ သူ၏ နာကျင်ရှည်လျားလှသော ဇိချင်းရှည်ကြီးကို ဘာမျှမသိရှိရသေးမီ အောင်သန်းကို ကျွန်တော် စတင်တွေ့ရှိရသည်။

ပိန်ချည့်သေးကွေးသော လူတစ်ယောက်သည် အရောင်အဆင်းမရှိသော ပုဆိုးစုတ်ကို လည်ပင်း ကွင်းသိုင်းလျက် တုတ်တစ်ချောင်းကို ဝှေ့ယမ်းကိုင်ဆောင်ကာ (၅) အဆောင်သို့ ဝင်၍လာသဖြင့် တံခါးဝ၌ တာဝန်ရှိသော အကြပ်က ထုံးစံအတိုင်း ဟန့်တားပိတ်ပင်သည်။

"ဟေ့–ဝါဒါ မင်း ဖွင့်ပေးမလား၊ မပေးဘူးလား..."

အကြပ်က အောင်သန်းအား တံခါးဖွင့်မပေးဘဲ နှင်ထုတ်၏။

အောင်သန်းသည် အကြပ်ကို နောက်ထပ်၍ ဘာမျှပြောဆိုခြင်း မပြုတော့ဘဲ သံတိုင်ကို ကျော်တက်၍ (၅) အဆောင်အတွင်းသို့ ဝင်လာ၏။ မိန်းဂျေးမှ စီအိုင်ဒီများသည် အောင်သန်းကို ဘာမျှမပြောဆိုနိုင်ဘဲ လက်ပိုက်

mgyoe.com

mgyoe.com


၍ ကြည့်နေကြရ၏။

"အဲဒါပေါ့ဗျ အောင်သန်းဆိုတာ..." ဟု မိတ်ဆွေတစ်ယောက်က ကျွန်တော့်အား လှမ်း၍ ပြောပြ၏။

ချုပ်ချယ်မှုအား တော်လှန်တတ်သော အောင်သန်းကို ကျွန်တော်သည် ဤသို့ စတင်တွေ့ရှိကာ သူ့အား သဘောကျမိသည်။ ချုပ်ချယ်ခြင်း ခံနေရသည့်အကြား၌ ထပ်မံချုပ်ချယ်ခြင်းကို ပုန်ကန်ဝံ့သော အောင်သန်း၏ ပင်ကိုသတ္တိကို ကျွန်တော်သည် လေးစားသလိုဖြစ်မိ၏။ သူ့ကို ရင်းရင်းနှီးနှီး သိကျွမ်းလိုသော စိတ်များလည်း ပေါ်ပေါက်လာသည်။

"ဟေ့... အောင်သန်း မင်း ဘယ်သွားမလို့လဲ" ဟု ကျွန်တော်က စတင်၍ သူ့အား နှုတ်ဆက်ကာ မိတ်ဖွဲ့လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ..." ဟု အောင်သန်းက ကျွန်တော့်ကို အကဲခတ်သလို ပြန်၍ မေးလာ၏။

"ငါလည်း မင်းလို ထောင်ထဲရောက်နေတဲ့ လူတစ်ယောက်ပါပဲကွာ..."

"ခင်ဗျား... ဘီကလပ်ကလား..."

"အေး..."

"ဒါဖြင့် ဆေးလိပ်တစ်လိပ်လောက် ပေးစမ်းပါ"

သူ၏ ပွင့်လင်းခြင်းကို သဘောကျမိသည်။ ထို့ကြောင့် သူ့အား ကျွန်တော့်အခန်းတွင်းသို့ ခေါ်လာခဲ့ပြီးလျှင် လက်ဖက်ရည်ဖျော်၍တိုက်ရင်း သူ့ကို လေ့လာကြည့်ရှုမိသည်။ အောင်သန်းသည် လုံလောက်သော အာဟာရနှင့် ဆေးဝါးများကို မမှီဝဲခဲ့ရသဖြင့် အသက်အရွယ်နှင့် မလိုက်အောင် သေးကွေးပိန်ချည့်နေသည်။ လူစဉ်မမီနိုင်အောင် ညှိုးနွမ်းနေသည်။

"ဒါထက်... မင်း ကျီးကန်းနဲ့ စာကလေးတွေကို အရှင်ရအောင် ဖမ်းတတ်တယ်ဆို" ဟု ကျွန်တော်က မေးကြည့်သည်။

"ကျီးကန်းတစ်ကောင် လိုချင်ရင် ဆေးလိပ်ငါးလိပ်နဲ့ ရမယ်..." ဟု အောင်သန်းက သူ၏ပေါက်ဈေးကို တောင်းလာ၏။

"စာကလေးတစ်ကောင်ကကောကွ..."

"ငါးလိပ်ပဲ..."

"တူတူပဲလားကွ..."

mgyoe.com

mgyoe.com SAMPLE BOOK


"ဖမ်းရတာ တူတူပဲ..."

ညီမျှသော လုပ်အားအတွက် ညီမျှသော တန်ဖိုးကို အောင်သန်းက တောင်းဆို၏။

လက်ဖက်ရည် သောက်ပြီးသွားသောအခါ ကျွန်တော်သည် အောင်သန်းအား ဆေးလိပ် ဆယ်လိပ်ခန့် ပေးလိုက်သည်။ သူသည် ဆေးလိပ်များ ရသဖြင့် ဝမ်းသာအားရ ထွက်သွားသည်။

နောက်ထပ်၍ သုံးရက်မျှ အောင်သန်းနှင့် မတွေ့ရပေ။

သုံးရက်ခန့်အကြာတွင် အောင်သန်းသည် ကျွန်တော့်ဆီသို့လာ၏။ သူနှင့်အတူ စာကလေး အရှင်နှစ်ကောင်ကိုလည်း ကျွန်တော့်အတွက် ယူလာခဲ့ပေသည်။

## (၃)

အောင်သန်းနှင့် အကျဉ်းထောင်ထဲတွင် တစ်စထက်တစ်စ ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ ထိုသို့ ရင်းနှီးကျွမ်းဝင်လာပြီးနောက် အောင်သန်းကို နီးနီးကပ်ကပ် လေ့လာနိုင်ရန်အတွက် ကျွန်တော့်အနီးသို့ ခေါ်ထားခဲ့သည်။ ထိုသို့ အောင်သန်းကို ကျွန်တော်က အနီးသို့ ခေါ်ထားသည့်အတွက် ထောင်အာဏာပိုင်များက ကျေးဇူးတင်ကြသည်။ ဝမ်းသာကြသည်။ အဘယ်ကြောင့်ဆိုသော် အောင်သန်းကို သူတို့ အုပ်ချုပ်ထိန်းသိမ်း၍ မရကြသည့်အတွက် ဖြစ်သည်။

အောင်သန်းသည် အကျဉ်းထောင်အတွင်း၌ ဖိနှိပ်ချုပ်ချယ်ခြင်းကို အမြဲတစေ တော်လှန်တိုက်ခိုက်ဝံ့သော သတ္တိရှိလေသည်။ သူ့ကို အပြစ်ဒဏ်ပေးသောအနေနှင့် အလုပ်လုပ်ခိုင်း၍ မရ။ အာဏာပိုင်တို့က သူ့အား ခိုင်းစေလျှင် "မလုပ်ဘူးကွ" ဟု တင်းတင်းမာမာ ပြန်၍ပြော၏။ အချို့သော အကြပ်များက အောင်သန်းအား ပါးစပ်ဖြင့် ပြောဆိုမရသဖြင့် တုတ်ဖြင့် ခြောက်လှန့်ရန် ကြိုးစား၏။ ထိုအခါ အောင်သန်းသည် အုတ်ခဲတစ်လုံးကို ကောက်၍ကိုင်တတ်၏။

အောင်သန်းကို ထောင်ထဲ၌ ထောင်ချကြည့်၏။ တိုက်ပိတ်သည်ဟူ၍ ခေါ်၏။ ထိုကာလ၌ အောင်သန်းသည် ထောင်မင်းကြီးမှစ၍ အကြပ်အထိ

mgyoe.com

mgyoe.com
SAMPLE BOOK


ကော်၍ ဆဲရေး၏။ အော်ဟစ် ဆဲရေးပြီးသောအခါ သူ့အား ဤသို့ ချုပ်ချယ်ခြင်းကို အပြင်းထန်ဆုံးသော လက်နက်ဖြင့် ပြန်လည်၍ တိုက်ခိုက်၏။ ထိုလက်နက်မှာ အခြားမဟုတ်၊ အစာငတ်ခံခြင်းပင်ဖြစ်၏။ ဤတိုက်ပွဲကို အောင်နိုင်သည်အထိ အောင်သန်းသည် ရှုပ်ရှုပ်ချွံချွံ ဆင်နွှဲ၏။ နောက်ဆုံး၌ ထောင်အာဏာပိုင်တို့သည် အောင်သန်းကို အရှုံးပေး၍ လွှတ်လိုက်ရသည်။

တိုက်ထဲမှ လွတ်မြောက်လာပြီးနောက် အောင်သန်းသည် ရန်ကုန်ထောင်ကြီးအတွင်း၌ သွားချင်ရာသွား၍ လာချင်ရာလာ၏။ လုပ်ချင်ရာလုပ်၍ စားချင်ရာ လျှောက်စား၏။ သူ့ကို ဘယ်အကြပ်တို့ကမှ ဘာမျှ မပြောနိုင်ကြတော့။ သက်ဆိုင်ရာ ထောင်မှူးများကလည်း သူ့ကို လက်မြှောက်ထားကြ၏။ သူသည် ဖိနှိပ်ချုပ်ချယ်ခြင်းအား သူရသတ္တိရှိစွာဖြင့် အဆုံးတိုင် တိုက်ခိုက် အောင်နိုင်ခဲ့သော ရန်ကုန်ထောင်တွင်း သူရဲကောင်းကြီးမဟုတ်လော။

ရန်ကုန်ထောင်အတွင်း၌ စွန်လွှတ်ခြင်းကို ပိတ်ပင်ထား၏။ အောင်သန်းသည် ပြတ်လွင့်လာသော စွန်များကို လိုက်လံဖမ်းဆီး၍ ကြိုးတိုက်ပေါ်သို့ တက်ကာ စွန်လွှတ်၏။ ဘယ်သူက ဘာပြောနိုင်သနည်း။

ထောင်ပိုင်သည် နံနက်ခင်းဘက်တွင် ထောင်အတွင်းသို့ လှည့်လည်ကြည့်ရှုလေ့ရှိ၏။ ထိုအချိန်၌ အဆောင်တံခါးများ ပိတ်ထားတတ်၏။ အဝင်အထွက် မရှိရ။ လမ်းများပေါ်၌လည်း ဘယ်သူမှ ရပ်မနေရ။ သို့ရာတွင် အောင်သန်းသည် ပုဆိုးကို လည်ပင်းကွင်းသိုင်း၍ တုတ်တစ်ချောင်းကိုင်ကာ ထောင်ပိုင့်လမ်းတွင် ကန့်လန့် လုပ်နေတတ်၏။

"မင်း မလွတ်သေးဘူးလား အောင်သန်း" ဟု ထောင်ပိုင်ကပင် သူ့ကို နှုတ်ဆက်မေးမြန်းရ၏။

"မလွတ်သေးဘူး... ဦးဘသိန်း ဘယ်တော့လာဦးမလဲ..." ဟု သူက ပြန်၍မေး၏။ ဦးဘသိန်းသည် အကျဉ်းထောင်မင်းကြီးဖြစ်၏။ အောင်သန်း ကလေးထောင်၌ စတင်နေထိုင်ရစဉ်က ဦးဘသိန်းသည် ကလေးထောင်တွင် ထောင်မှူးဖြစ်သည်။ သို့ရာတွင် ယခုအခါဝယ် ဦးဘသိန်းသည် ထောင်မင်းကြီးပင်ဖြစ်ခဲ့လေပြီ။ အောင်သန်းကား ထောင်ထဲတွင် နေထိုင်ရတုန်းဖြစ်

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။

"လာတဲ့အခါ မင်းကို ခေါ်မယ်လေ... ဟုတ်လား"

"အင်း..."

"ထောင်ထဲမှာ ကောင်းကောင်းနေနော်... အောင်သန်း"

"အင်း..."

ထောင်ပိုင်ကလည်း အောင်သန်းကို ချော့မော့ပြောဆိုရသည်။ အဘယ်ကြောင့်ဆိုသော် အောင်သန်းသည် ထောင်မင်းကြီး၏ မိတ်ဆွေလည်း ဖြစ်သောကြောင့်တည်း။

## (၄)

အောင်သန်းအား ကျွန်တော်တို့ ထမင်းဝိုင်းတွင် ကျေးမွေးကာ ကျွန်တော့်အနီးတွင် ခေါ်ထားခဲ့သော ကာလအတွင်း ၎င်း၏ လေးမြတ်ချစ်ခင်စရာကောင်းသော စိတ်နေသဘောထားကလေးများကို တွေ့ရသည်။ အာဏာပိုင်များက အပြစ်ဒဏ်ထားသောအနေဖြင့် ခိုင်းစေသော အလုပ်ကိုသာ မလုပ်သော်လည်း သူပါ ဝင်ရောက် စားသောက်သော ထမင်းဝိုင်းအတွက် လိုအပ်သော ထင်းများကို ဘယ်သူကမှ တိုက်တိုက်တွန်းတွန်း မပြောဆိုရဘဲ ထင်းဂိုဒေါင်သို့ သူ့ဘာသာသူ သွား၍ ထမ်းယူလာပေး၏။ နံနက်လင်း၍ အိပ်ဆောင်ဖွင့်လျှင်ဖွင့်ချင်း အိပ်ရာမှထကာ ထင်းသယ်ရန် သွား၏။ တစ်ရက်တလေမျှ မပျက်ကွက်ခဲ့။ ထင်းထမ်း၍ ပြန်ပို့ပေးပြီးနောက်မှ သူလည်ချင်ရာသို့ လျှောက်၍ လည်နေတတ်သည်။ သူသည် လူ့ကျင့်ဝတ်ကို လိုက်နာပြုလုပ်တတ်ပေသည်။

ရှိသေး၏။

အောင်သန်းသည် ယခင်က ညစ်ညစ်ပတ်ပတ်နှင့် ဖြစ်သလို နေလေ့ရှိခဲ့သည်။ ရေကို ချိုးချင်သည့်အခါမှ ချိုးလေ့ရှိ၏။ ကျွန်တော်နှင့် လာရောက်နေထိုင်သောအခါ သူ့အား သန့်သန့်ရှင်းရှင်းနှင့် သပ်သပ်ရပ်ရပ် နေထိုင်ရန် အကျိုးသင့် အကြောင်းသင့် ပြောဆို ဆုံးမကြည့်သည်။ နောက်တစ်နေ့မှစ၍ အောင်သန်းသည် တစ်နေ့လျှင် ရေသုံးခါလောက်ချိုး၏။ မိုးတွင်းကြီး၌ပင် တစ်နေ့လျှင် ရေ သုံးခါမှန်မှန်ချိုးနေသောကြောင့် "အောင်သန်းရာ

mgyoe.com